http://www.dhammadownload.com

# ကိုယ့်ဝန်ကိုယ်ထမ်းလူ့အစွမ်း

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

ကိုယ့်ဝန်ကိုယ်ထမ်းလူ့အစွမ်း ● တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက(ယော)ဆရာတော်


ကိုယ့်ဝန်ကိုယ်ထမ်းလူ့အစွမ်း

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

# ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်း

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
(ယော)ဆရာတော်

F-1

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

◆ စာမူခွင့်ပြုချက်အမှတ်

၃၅၁/၂၀၀၀ (၆)

◆ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၆၄/၂၀၀၁ (၁)

◆ ထုတ်ဝေခြင်း

ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀

တန်ဖိုး - ၅၀၀ ကျပ်

◆ ထုတ်ဝေသည့်ကာလ

၂၀၀၀ ပြည့်နှစ်၊ ဧပြီလ

◆ အတွင်းသားပုံနှိပ်

ဦးကျော်ဖင် (၀၄၂၂၉) ခိုင်ရည်မွန်ပုံနှိပ်တိုက်

အမှတ် - ၈၁၊ မိုလ်ချုပ်လမ်း။ ရန်ကုန်မြို့။

◆ မျက်နှာဖုံးပုံနှိပ်

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်

အမှတ်(၁၅၁)၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

◆ ထုတ်ဝေသူ

ဦးကျော်ဆန်း (၀၉၃၂)၊(ရဲဘော်ကျော်ဆန်း)

ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း (၁)လမ်း၊

ပုသိမ်ညွှန့်၊ ရန်ကုန်မြို့။

သီရိစိစဥ်သည်

http://www.dhammadownload.com

ပြည်လုံးကျွတ်ဖြန့်ချိရေး

**ရွှေစန္ဒာထွန်းစာပေ**

အမှတ်-၉၆၊ (မြေညီ)၊ ၃၇ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
☎ ၀၁-၂၄၃၈၇၀

http://www.dhammadownload.com

လောကမှာ

စည်းကမ်းအတိကျဆုံးဟာ

ကံတရားပေါ့

ဘယ်သူ့ကိုမှ

မျက်နှာမလိုက်ပါဘူး

ဘယ်တော့မှလည်း

မျက်နှာမလိုက်ပါဘူး

သူရှိတာပေးပါတယ်

မရှိတာမပေးဘူး

ရှိလျက်သားနဲ့လည်း

လျှို့ဝှက်မထားဘူး

(ယော)ဆရာတော်

http://www.dhammadownload.com

## မာတိကာ

### ကိုယ့်ဝန်ကိုယ်ထမ်းလူ့အစွမ်း


ဝန်ထမ်းတွေချည်းပဲ ... ၁

ဝန်ထမ်းနှစ်မျိုး ... ၃

အလုပ်သမားသုံးမျိုး ... ၅

လုပ်ရမယ်မြင်လို့လုပ်တဲ့
အလုပ်သမား၏စွမ်းရည် ... ၉

စေတနာကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ... ၁၁

စေတနာနှင့်ကံ ... ၁၃

ဘာကြောင့် ကံခေါ်ရပါသလဲ ... ၁၅

စည်းကမ်းအတိကျဆုံးသည်ကံတရား ... ၁၇

ပစ္စုပ္ပန်မှာ အကျိုးပေးတာကံတရား ... ၁၉

မကောင်းကံဆိုတာ ... ၂၁

ကုသိုလ်ကံက စိတ်နိုင်လို့ရတာ ... ၂၂

စေတနာများရင် ကံမည်းတွေရတယ် ... ၂၃

ကုသိုလ်က အကုန်တာဝန်ယူတယ် ... ၂၅

သဒ္ဓါတရားသည် စိတ်သန့်စင်
ပေးသောကိရိယာ ... ၂၇

ဘာဝပင်လယ်ကူးရာဝယ် ... ၂၉

ကိုယ်ပိုင်စိတ်နှင့် သူများစိတ် ... ၃၁

သတိသည် စိတ်သိတဲ့ကြိုး ... ၃၃

ဝီရိယက ဒုက္ခလွတ်အောင်
ရုန်းလို့ရတယ် ... ၃၅

http://www.dhammadownload.com

ဒုက္ခလွတ်ကြောင်းတွေချည်းပဲ ... ၃၇
ပညာနဲ့သန့်ရှင်းအောင် သုတ်သင်ပါ ... ၃၉
ဘဝကူးစိတ်အေးရပြီ ... ၄၁
သတိဟူသည်/ပညာဓာတ်ခွဲကျွမ်းကျင်ရင်. ၄၃
သဒ္ဓါတရားက စိတ်ကိုသန့်စင်ပေးတယ်.. ၄၅
လာတုန်းက ငိုပြီးလာခဲ့ကြတာ ... ၄၇
နာမည်ကောင်းကျန်ရစ်ရမယ် ... ၅၀
ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်းပြနိုင်သူ... ၅၂
အသိပညာနှင့်ဘဝကိုလမ်းရှင်းတတ်သော
ကိုဉာဏ်ထူး ... ၅၃
ကိုဉာဏ်ထူး၏နေ့စဉ်ဆောင်ရွက်ချက် ... ၅၅
ကိုယ်ပိုင်စိတ်နဲ့စပါတယ် ... ၅၇
စိတ်သန့်စင်ထားတော့ အမြင်ရှင်းတယ်.. ၅၉
မေတ္တာဓာတ်တွေလွှမ်းခြုံပေးတယ် ... ၆၁
အလုပ်များလွန်းလို့တဲ့ ... ၆၃
အန္တရာယ်တွေ ကြိုတင်တွက်ဆ
တတ်လာတယ် ... ၆၅
စေတနာအကျိုးပေးမှာ ... ၆၇
ငါ့ကြောင့် ဘယ်သူမှ မပူရဘူး ... ၆၉
ပြန်ပြင်ရတယ် ဘယ်တော့မှ မရှိဘူး ... ၇၁
အမြင်တိမ်းစောင်းကုန်ကြတယ် ... ၇၃
လောကစံသည့် တွန်းအားတစ်ခုပါ ... ၇၅
ငါဆင်းရဲတာငါ့ကြောင့် ... ၇၇
အကျဉ်းထောင်ကို သာသနာ့ရိပ်သာ
ဖြစ်စေတယ် ... ၇၉

http://www.dhammadownload.com

စိတ်ကောင်းထားကမိတ်ကောင်းရ
ပိုက်ဆံပေါ်တိုင်း သာသနာနေလို့မရ ... ၈၅
စိတ်ကောင်းသည်လောကမှာ
အကြီးမားဆုံးအင်အား ... ၈၇
အပါယ်ကိုတွန်းချတာကိုယ့်ရဲ့
မကောင်းတဲ့စိတ် ... ၈၉
ကုသိုလ်ကောင်းမှုမိတ်ဆွေလိုတယ် ... ၉၁
စည်းကမ်းဖောက်ရင် ... ၉၂
ကုသိုလ်အထုပ်ငယ်ပြီး
အကုသိုလ်အထုပ်ကြီးနေရင် ... ၉၃
သင်္ခါရဘေးတွေကခြိမ်းခြောက်နေတယ်... ၉၅
ကုသိုလ်မပါဘဲသံသရာခရီးသွားလို့
အဆင်မပြေဘူး ... ၉၇
ကိုယ့်အကြောင်း
ကိုယ်သိဖို့အရေးအကြီးဆုံး ... ၉၉
ကိုယ့်အကြောင်း ကိုယ်သိမှ ...၁၀၁
ကိုယ့်အကြောင်း ကိုယ်မသိရင် ...၁၀၃
တရားအသိပါရင်
ကုသိုလ်အလုပ်ဖြစ်ရော ...၁၀၅
ဒုက္ခအပူတွေကို မကြောက်ဖူးဆိုရင် ...၁၀၇
ကိုယ့်အကြောင်း ကိုယ်သိသူက
ခန္ဓာကို မိတ်ဆွေဖွဲ့တယ် ...၁၀၉
ဉာဏ်မျက်လုံး တပ်လိုက်ရင် ...၁၁၁
အပူတွေ ကြောက်လိုက်တာ ...၁၁၃

http://www.dhammadownload.com


ကိုယ်ပိုင်နေရာမရှိဘူး ... ၁၁၅
ကိုယ့်နေရာဆိုတာက ... ၁၁၇
ကိုယ့်အကြောင်း ကိုယ်သိထားလို့ပေါ့ ... ၁၁၉
အစွဲချည်းပြန်ကြရမယ် ... ၁၂၁
ရတနာနဲ့ထိုက်တန်မှ ... ၁၂၃
မိတ်ဆွေသုံးယောက်တွေ့ထားပြီ ... ၁၂၅
ကောင်းကျိုးပြုဘဝမှတ်တိုင်
စိုက်ထူနိုင်ရမယ် ... ၁၂၇
ဘဝကူးပြဿနာကသေးတာမဟုတ်ဘူး... ၁၃၀
လောကမှာ တရားလောက်
အပိုးတန်တာမရှိ ... ၁၃၅
တရားနှင့် လူစွမ်းကောင်းလုပ်နိုင်သော
ပုဂ္ဂိုလ်သာအစွမ်းဆုံး ... ၁၃၇
စိတ်သန့်ရှင်းစင်ကြယ်မှ
ချမ်းသာမည်၏ ... ၁၃၉
အပူကိုဘယ်တော့မှ တွဲခေါ်မလာခဲ့ပါ ... ၁၄၁
အစက်အခဲတွေဖြေရှင်းပေးမှာ ... ၁၄၃
သတိပညာရှိန်သီးပါရင် ... ၁၄၅
သဒ္ဓါတရားက မိတ်ဆွေဖွဲ့ပေးတာ ... ၁၄၇
နိဗ္ဗာန်ရောက်ကြောင်းပုံစံနဲ့ ... ၁၄၉
ကိုယ်ပိုင်တရားကျန်အောင် ... ၁၅၃
ဘာဝနာအာရုံအဖြစ်
ပြောင်းပေးလိုက်ရတယ် ... ၁၅၅
မိတ်ဆွေကိစ္စ (၃)ချက် ... ၁၅၇

http://www.dhammadownload.com

လူ့ဘဝမှာအချိန်နဲ့
အင်အားဖြုန်းတီးမှုဟာ
နမြောစရာအကောင်းဆုံးပါ
အင်အားတွေဟာ
ဖြုန်းတီးမှုဘက်ကိုပါပြီးတော့
ကိုယ်ပိုင်စွမ်းအားတွေ
လစ်ဟင်းဆုံးရှုံးကြရပါတယ်

(ယော)ဆရာတော်

http://www.dhammadownload.com

လုပ်ငန်းတာဝန်

ထမ်းဆောင်ရမယ့်နေရာမှာ

တွေ့ရ, ဆက်ဆံရမယ့်

ပုဂ္ဂိုလ်တွေအားလုံး

အထက်က ပုဂ္ဂိုလ်တွေရော

လက်အောက်ငယ်သားတွေအပေါ်ရော

ရှေးဦးစွာမေတ္တာစာတ်တွေလွှမ်းခြုံပေး

(ယော)ဆရာတော်

http://www.dhammadownload.com

# ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်း

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ (ယော)ဆရာတော်

*သာသနာနှစ် ၂၅၄၁ ခု ကောဇာသက္ကရာဇ် ၁၃၅၉ ခုနှစ် နတ်တော်လပြည့်ကျော် (၅)ရက် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ (၁၉)ရက် သောကြာနေ့တွင် ရန်ကုန်မြို့ ကန်ကြားတောရလမ်း အလုပ်သမား ဝန်ကြီးဌာန ဓမ္မာရုံသစ်ကြီး၌ ဓမ္မာရုံဆောက်လုပ်ရေးအဖွဲ့နှင့်တကွ ဝန်ကြီးဌာနမိသားစုများ သူတော်စင်ပရိသတ်များအတွက် ဓမ္မဒါန လက်ဆောင်အဖြစ်ဖြင့် ဓမ္မာရုံကြီးဖွင့်ပွဲမင်္ဂလာအဖြစ်ဖြင့် အမှတ်တရ အဖြစ်ဖြင့် ဟောကြားအပ်သော တရားတော်ဖြစ်သည်။*

## ဝန်ထမ်းတွေချည်းပဲ

လူတိုင်းလူတိုင်းဟာ ဝန်ထမ်းတွေချည်း ပါပဲ၊ အနည်းဆုံး ကိုယ့်ခန္ဓာရဲ့ ဝန်ကိုတော့ထမ်းနေ ကြရတဲ့ ဝန်ထမ်းတွေချည်းပါ၊ မိမိရဲ့ အသိဉာဏ်

http://www.dhammadownload.com



စွမ်းအား၊ ကိုယ်စွမ်းအား စသည်ဖြင့် စွမ်းအား မြင့်မားလာရင် မြင့်မားလာသလောက်၊ ဝန်ထမ်းနိုင်တဲ့အင်အား အရည်အချင်းရှိသလောက်ဝန်ထမ်းတဲ့ နယ်ပယ်ဟာ ကျယ်ပြန့်သွားတာပါ၊

အနည်းဆုံး ကိုယ်ခန္ဓာရဲ့ဝန်ကိုတော့ ထမ်းနေကြရတဲ့ ဝန်ထမ်းတွေချည်းပါ၊ သို့သော်လဲပဲ ကိုယ့်ဝန်ကို ကိုယ်စွမ်းပါအောင် ထမ်းနိုင်သူရှိတယ်၊ ကိုယ့်ဝန်လို့မသတ်မှတ်ပဲ၊ သူများဝန်ကို လေးလံစွာ ထမ်းနေတဲ့ ပုဂ္ဂိုလ်လို့၊ အဲသလိုတော့ရှိတယ်ပေါ့။

http://www.dhammadownload.com

## ဝန်ထမ်းနှစ်မျိုး

ဝန်ထမ်းဆိုတာ နှစ်မျိုးရှိပါတယ်။

(၁) ဝန်က ကိုယ့်ကိုပိနေအောင် ပူလောင်ရှုပ်ထွေးလေးလံစွာ ထမ်းနေသော ဝန်ထမ်းက တစ်မျိုး။

(၂) ဝန်က ကိုယ့်ကို အပိမခံပဲ၊ မိမိကသာ ဝန်ကို တရားပုံစံနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ တက်ကြွအေးချမ်းစွာ၊ စွမ်းအားအနှစ်ပါအောင် ထမ်းနိုင်တဲ့ ဝန်ထမ်းက တစ်မျိုးလို့ အဲသလို(၂)မျိုးရှိပါတယ်။

ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်းဆိုတာ ဝန်ကကိုယ့်ကို အပိမခံပဲ၊ ကိုယ်ကသာ ဝန်ကို

http://www.dhammadownload.com



နိုင်နင်းစွာ (တရားပုံစံနဲ့) ကြည်လင်သန့်ရှင်း အေးမြစွာထမ်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်မျိုးကို ပြောတာပါ။

* * *

http://www.dhammadownload.com

# အလုပ်သမားသုံးမျိုး

အလုပ်သမားဆိုတာ သုံးမျိုးရှိပါတယ်။

(၁) လုပ်ရမယ်ဆိုလို့ လုပ်တဲ့ အလုပ်သမားက တစ်မျိုး၊

(၂) လုပ်ရမယ်ထင်လို့လုပ်တဲ့ အလုပ်သမားကတစ်မျိုး၊

(၃) လုပ်ရမယ်မြင်လို့လုပ်တဲ့ အလုပ်သမားက တစ်မျိုးလို့ သုံးမျိုးရှိပါတယ်။

**(၁) လုပ်ရမယ်ဆိုလို့လုပ်တဲ့ အလုပ်သမား** ဆိုသည်မှာ တာဝန်ပေးချက်အရ၊ စေခိုင်းချက်အရ၊ ထမ်းဆောင်ရဆောင်ရွက်ရတဲ့ ပုဂ္ဂိုလ်များဟာ လုပ်ရမယ်ဆိုလို့ လုပ်တဲ့ဝန်ထမ်းများ ဖြစ်ပါတယ်။

တာဝန်ကျေအောင်တော့ လုပ်တတ်ကြတယ်၊ လုပ်နိုင်ကြတယ်၊ သို့သော် ကိုယ့်အတွက် တရားစွမ်းအားပါအောင်တော့၊ သတိမပြုမိတတ်ကြတာများပါတယ်၊ အချိန်စေ့အောင်၊ လုပ်ငန်း

http://www.dhammadownload.com



ပြီးစီးအောင်တော့ ကြိုးစားဆောင်ရွက် ပြုလုပ်အား ထုတ်တတ်တယ်၊ သို့သော်လဲ ကိုယ့်အတွက် တရားစွမ်းအား အနှစ်ပါအောင် ယူဖို့ကျတော့ သတိမပြုမိတတ်ပဲ နေကြပါတယ်၊ အဲဒါက လုပ်ရမယ်ဆိုလို့ လုပ်တဲ့ အလုပ်သမားပါ။

(၂) လုပ်ရမယ်ထင်လို့ လုပ်တဲ့ အလုပ်သမား ဆိုတာ သူက အထင်လေးပါလာတော့ စိတ်ဝင်စား မှုရှိပါတယ်၊ သို့သော်လဲ သူ့မှာ "အထင်" ဆိုတာ က၊ အမြင် မဟုတ်တဲ့အတွက်၊ စွမ်းအားတွေ တိတိကျကျကျ ပြည့်ပြည့်ဝဝရအောင် ယူတတ်ဖို့ ယူနိုင်ဖို့ ခက်ခဲနေတတ် ပါတယ်။

အထူးအားဖြင့်တော့ "အထင်"ဆိုတဲ့ ဥစ္စာက၊ စာစကားနဲ့ ပြောရင်၊ တဏှာ, မာန, ဒိဋ္ဌိ သံသရာနယ်ချဲ့ နေရာတွေထဲမှာ ဘောင်ကန့်သတ် ချက်တွေချည်း ပါနေတဲ့ ဆောင်ရွက်မှုမျိုးစုံ တွေပါပဲ။

- ငါ့အတွက်ပါမှ လုပ်နိုင်မယ်၊
- ငါ့အတွက် မပါရင် မလုပ်နိုင်ဘူး၊
- ငါနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်အတွက် ခံစား

http://www.dhammadownload.com



ခွင့်ပါမှ လုပ်နိုင်မယ်၊

* ငါနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်အတွက် ခံစားခွင့် မပါရင် မလုပ်နိုင်ဘူး၊

စသည်ဖြင့် ဘောင်တံတိုင်း ကျဉ်းမြောင်းမှုတွေ ဘောင်ခတ်မှု တွေပါနေတတ်တယ်။

အဲဒီ ပုဂ္ဂိုလ်များရဲ့ ဆောင်ရွက်ချက်သည် စိတ်ဝင်စားမှု ရှိသော်လဲပဲ၊ ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်းဆိုတဲ့၊ ကိုယ်ပိုင်တရားအနှစ် ထိရအောင် စွမ်းဆောင်နိုင်တဲ့ အင်အားဆိုတာကတော့ ပါချင်မှ ပါမှာပါ။

အဲသလို ဘောင်ကန့်သတ်ချက်တွေနဲ့၊ ဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်မျိုးတွေကိုတော့ လုပ်ရမယ်ထင်လို့ (အထင်ဆိုတဲ့ တဏှာ, မာန, ဒိဋ္ဌိ ဘောင်ကန့်သတ်ချက်တရား ရှေ့သွားပြုတဲ့) လုပ်ကိုင်ဆောင် ရွက်တဲ့ ပုဂ္ဂိုလ်မျိုးလို့ ဆိုရပါတယ်။

(၃) လုပ်ရမယ် မြင်လို့ လုပ်တဲ့ အလုပ်သမား ဆိုတာကတော့ ပညာဦးစီးလာတယ်၊ ပညာလို့ ပြောလိုက်ရင် သဒ္ဒါတရား ပါလာတယ်၊ မေတ္တာတရား ပါလာတယ်။

* ရောက်တဲ့နေရာ ကိုယ့်အရပ်၊

http://www.dhammadownload.com



* တွေ့တဲ့သူဟာ ကိုယ့်ဆွေမျိုး၊
* လုပ်တဲ့ အလုပ်မှန်သမျှ ကိုယ့်အလုပ်၊

အဲသလို ကြည်လင်ပြတ်သားတဲ့ ဆုံးဖြတ်ချက် အသိအမြင်များဖြင့် ပြုလုပ်အားထုတ်တတ်တယ်၊ ဘောင်တံတိုင်း ကန့်သတ်ချက်သူ့မှာ မရှိပါ၊ ကြည်လင်ပြတ်သားလေးနက်တဲ့ အသိတရားနဲ့ ဆောင်ရွက်တတ်တယ်။

"အို-ငါ့စေတနာ ငါ့အကျိုးပေးမှာပဲ၊ အကုန်လုံးကို ငါ အကောင်းဆုံး ဖြစ်အောင် လုပ်ပေးမယ်"လို့ စစ်မှန်တဲ့၊ စေတနာ သဒ္ဓါ, မေတ္တာ, ပညာများဖြင့်ဆောင်ရွက်တတ်တဲ့ အလုပ်သမားမျိုးကိုတော့ လုပ်ရမယ်မြင်လို့ လုပ်တဲ့ အလုပ်သမားလို့ ခေါ်ရပါတယ်။

http://www.dhammadownload.com

# လုပ်ရမယ်မြင်လို့လုပ်တဲ့ အလုပ်သမား၏ စွမ်းရည်

လုပ်ရမယ်မြင်လို့ လုပ်တဲ့အလုပ်သမား ဆိုတာကတော့ အလုပ်လဲပဲပြီးတယ်၊ အမှား အယွင်းလဲ နည်းတယ်၊ အချိန်တို့ လုပ်ငန်းတို့ အတွက်လဲ တွက်ကိန်းကိုက်တယ်၊ အားရစရာ ကောင်းပုံကတော့ ကိုယ်ပိုင်တရား တစ်ခါတည်း ပါသွားပုံလေးပါ။

ကိုယ်ပိုင်ဖြစ်တဲ့၊ ဒါန, သီလ, သမာဓိ, ဝိပဿနာတို့စတဲ့ တရားစွမ်းအားတွေ (ကိုယ်ပိုင် တရားတွေ)ဟာ တစ်ခါတည်း ပါသွားတယ်။

ဒါကြောင့် ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်း ဆိုတာ စောစောက ပြောတဲ့ ဝန်ထမ်းနှစ်မျိုးတို့တွင် ဝန်က ကိုယ့်ကို အပိမခံပဲ ကိုယ်ကသာ ဝန်ကို

http://www.dhammadownload.com



တရားပုံစံဖြင့် နိုင်နင်းစွာထမ်းတတ်သော ဝန်ထမ်း ဖြစ်ရမယ်။

အလုပ်သမား သုံးမျိုးတို့တွင် လုပ်ရမယ် မြင်လို့ လုပ်တယ်ဆိုတဲ့ တရားအမြင် တရားအသိနဲ့ စစ်မှန်သော သဒ္ဓါ, ပညာ, မေတ္တာနဲ့၊ ဆောင်ရွက်တတ်တဲ့ အလုပ်သမား၊ အဲသလို ပုဂ္ဂိုလ်မျိုးကို ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်း ပြနေသော သူလို့ ခေါ်ရပါတယ်။

မြတ်စွာဘုရားဟောတဲ့ ဒေသနာလေး တစ်ခုက–

**သဒ္ဓါယ တရတိ ဩဃံ၊**
**အပ္ပမာဒေန အဏ္ဏဝံ။**
**ဝီရိယေန ဒုက္ခ မစ္စေတိ၊**
**ပညာယ ပရိသုဇ္ဈတိ။**

သဒ္ဓါယ၊ ယုံကြည်လက်ခံ ထက်သန်ထူးခြား သဒ္ဓါဆိုသောတရားဖြင့်၊ ဩဃံ၊ အောက်ကို ဆွဲချ၊ နှစ်မြုပ်ကြသည် ဩဃလေးခန်း ရေပြင်ကြမ်းကြီးကို၊ တရတိ၊ ကောင်းစွာမသွေ ကူးမြောက်နိုင်ပါပေ၏။

အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မတန် ထက်သန်ထူးခြား အပ္ပမာဒခေါ်ဆိုသော သတိ

http://www.dhammadownload.com



တရားဖြင့်၊အဏ္ဏဝံ၊ ကမ်းလည်းမမြင်၊ လမ်းမမြင်ရ၊ ကျယ်ဝန်းလှသည့်၊ ဘဝပင်လယ် မြစ်ပြင်ကျယ်ကြီးကို၊ တရတိ၊ ကောင်းစွာမသွေ၊ ကူးမြောက်နိုင်ပါပေ၏။

ဝီရိယေန၊ ကိုယ်ပိုင်အလုပ် အားထုတ်ကြိုးပမ်း လုံ့လစွမ်းဖြင့်၊ ဒုက္ခ၊ အိုနာသေမှု ဆင်းရဲစုကို အစွေတိ၊ ကောင်းစွာမသွေ လွတ်မြောက် နိုင်ပါပေ၏။

ပညာယ၊ ဟိုတွေးသည်တွေးကင်းစင်ဝေး၍ အတွေးမှန်ကန် အသိဉာဏ်ဆိုသော ပညာတရားဖြင့်၊ ပရိသုဇ္ဈတိ၊ ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်းဟု ချီးမွမ်းဖွယ်ရာ၊ ကောင်းစွာမသွေ၊ သန့်ရှင်းရပါပေသတည်း။

# စေတနာကြီးကြပ် ကွပ်ကဲရေးအဖွဲ့

တရားယန္တရားလေးချက် သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာမှာ သတိနဲ့ ဝီရိယ နှစ်ပါးပေါင်း လိုက်ရင် သမာဓိဆိုတာကလဲ ပေါ်လာနိုင်တာ

http://www.dhammadownload.com



ဖြစ်လို့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ တရားပိုင်းဆိုင်ရာ ဗိုလ်ကြီးငါးပါး ဆိုတာကလဲ ထည့်သွင်းပြီး ပေါင်းယူလို့ရတာပါပဲ၊ စေတနာ ကြီးကြပ်ကွပ်ကဲရေး အဖွဲ့လို့လဲ ခေါ်ရပါတယ်။

တရားပိုင်းဆိုင်ရာမှာ စေတနာကို အလုပ်သမားလို့ တင်စား ခေါ်ထားပါတယ်၊ စေတနာ အလုပ်သမား (ကံ)ဆိုတာ စေတနာက ဖော်ထုတ်ပေးသော စွမ်းအားဖြစ်တယ်။

စေတနာက ဖော်ထုတ်ပေးလိုက်တဲ့ စွမ်းအားများ ရလဒ်များ ကို ကံတရားခေါ်တယ်၊ "ငါကွာ ကံဆိုးလိုက်တာ"လို့ ပြောကြတယ်၊ ကံဆိုးအောင် ဘယ်သူထည့်ပေးလိုက်တာလဲ ဆိုတော့ ကိုယ့်ဟာကိုယ် ထည့်ခဲ့ကြတာပဲ။

ကိုယ့်ဝန်ကိုယ် မထမ်းခဲ့ကြပဲ၊ သူများဝန် သူများပုံစံကြီးတွေ နဲ့ ထမ်းခဲ့ကြလို့ မလိုအပ်တဲ့ ဆိုးရွားသော ရလဒ်တွေရလို့ "ငါကွာ ကံဆိုး လိုက်တာ"လို့ အားငယ်စရာလေးတွေ ပေါ်လာကြရတယ်။

"သူတို့များနော် ကံကောင်းလိုက်တာ"လို့ ပြောလေ့ရှိကြတယ်၊ ကောင်းတဲ့ကံတွေ ဘယ်သူ

http://www.dhammadownload.com



ထည့်ပေးလိုက်တာလဲဆိုတော့ ကိုယ်ဟာ ကိုယ်သဘောကျလို့ ယူခဲ့ကြတာပဲ။

စေတနာကြီးကြပ် ကွပ်ကဲရေးအဖွဲ့ အားကောင်းတဲ့ ပုဂ္ဂိုလ်များ၊ စေတနာသန့်စင်တယ်၊ စေတနာ သန့်စင်တော့ ကံတရားလဲ သန့်စင်ပြီးတော့၊ ရလဒ်တွေဟာ တောက်ပြောင်ကြီးမား ဖွံ့ဖြိုးတိုးတက်လာ ပါတယ်၊ အကျိုးပေးတော့လဲ အံ့သြစရာချည်းပဲ ပေးတတ်လာတယ်။

## စေတနာနှင့်ကံ

စေဘနာနဲ့ ကံဆိုတာ–

* ပြုလုပ်ဆဲမှာ၊ စေတနာ၊ ပြီးခါကံဟုသိ။

ပြုလုပ်တုန်း ပြုလုပ်ဆဲ အားထုတ်တုန်း အားထုဟ်ဆဲ အချိန်လေးကို စေတနာလို့ ခေါ်ပါတယ်၊ သဒ္ဓါ, သတိ, ဝီရိယ, ပညာ စေတနာကြီးကြပ်ကွပ်ကဲရေး အဖွဲ့က လစ်ဟင်းသွားရင်၊ ဒီစေတနာတွေရဲ့ အားထုတ်မှု ဆောင်ရွက်မှုတွေ

http://www.dhammadownload.com



ဟာ တိမ်းပါးချွတ်ချော်သွားတတ်ပါတယ်၊ တိမ်းပါးချွတ်ချော်သွားပြီး "ကံ"အဖြစ်ရောက်လာရင် ကံဆိုးတယ်ဆိုတာ ပေါ်လာမှာပေါ့။

စေတနာကြီးကြပ်ကွပ်ကဲရေးအဖွဲ့ အားကောင်းတယ်ဆိုရင် စေတနာရဲ့ အားထုတ်မှုက ကောင်းသွားတော့၊ ကံဆိုတဲ့ ရလဒ်ကောင်းပြီး ဒီရလဒ်ကြောင့်ပဲ ကောင်းကျိုးတွေ ရကြမှာပါ။

ပြုလုပ်တုန်း ပြုလုပ်ဆဲ အချိန်ကို စေတနာလို့ ခေါ်တယ်၊ ဒါကြောင့်မို့ အလုပ်လုပ်ချိန်မှာ "စေတနာကောင်းကောင်း ထားပါနော်" လို့ ပြောကြတယ်၊ "ကံကောင်းကောင်းထားပါ"လို့ မပြောပါဘူး။

ကံဆိုတာကတော့ ပြုလုပ်အားထုတ်ပြီးလို့ ရလဒ်အဖြစ် ရောက်လာမှ ကံလို့ခေါ်ပါတယ်၊ သတ္တိအနေနဲ့ပဲ ကျန်ပါတော့တယ်၊ အကျိုးပေးဖို့အတွက်၊ သတ္တိအနေနဲ့ မြုပ်နှံထားတဲ့ စွမ်းအားကို ကံလို့ ခေါ်ပါတယ်။ ဒါကြောင့်-

* ပြုလုပ်ဆဲမှာ၊ စေတနာ၊ ပြီးခါကံဟုသိ၊

http://www.dhammadownload.com

# ဘာကြောင့်ကံ ခေါ်ရပါသလဲ

* ပြုထိုက်ပြုအပ်၊ ဤနှစ်ရပ်၊ စွဲမှတ်ကံခေါ်ဘိ၊

ဘာကြောင့် ကံလို့ ခေါ်တာလဲဆိုတော့ ကုသိုလ်တရား (ကောင်းတဲ့အလုပ်)များကျတော့ ပြုလုပ်ထိုက်တဲ့ အတွက်ကြောင့် ကံလို့ ခေါ်ပါတယ်၊ ထိုက်ထိုက်တန်တန် ပြုလုပ်ထိုက်တယ်၊ ပြုလုပ်ရင် တကယ့်ကို ကောင်းကျိုးပေးမှာမို့ ပြုလုပ်ပါလို့လဲ တိုက်တွန်းထိုက် တယ်။

ဒါကြောင့် ပြုလုပ်ထိုက်တာကြောင့်လဲ ကံ၊ ကံအဖြစ်ရောက်အောင် ပြုလုပ်ခံလိုက်ရတာ ဖြစ်သောကြောင့်လဲ ကံလို့ ခေါ်ပါတယ်။

အကုသိုလ်ကျတော့ ပြုလုပ်ထိုက်တာ မဟုတ်ငြားသော်လဲပဲ ကံအဖြစ်ရောက်အောင်

http://www.dhammadownload.com



အပြုခံလိုက်ရတာဖြစ်သောကြောင့် သူ့ကို ကံလို့ ခေါ်ပါတယ်။

အကုသိုလ်ကျတော့ မလုပ်ပါနဲ့လို့ တားကို တားရမှာ၊ ပြုလုပ် ထိုက်တာတော့ မဟုတ်ဘူး၊ သို့သော်လဲ စေတနာကြီးကြပ်ကွပ်ကဲ ရေးအဖွဲ့က လစ်ဟင်းသွားတဲ့အတွက်ကြောင့် ကံအဖြစ်ရောက် အောင် ပြုလုပ်ခံလိုက်ရတာ ဖြစ်တဲ့အတွက်ကြောင့် ကံလို့ ခေါ်ပါတယ်။

* ပြုထိုက်ပြုအပ်၊ ဤနှစ်ရပ်၊ စွဲမှတ်ကံခေါ်ဘိ၊

http://www.dhammadownload.com

# စည်းကမ်းအတိကျဆုံးသည် ကံတရား

လောကမှာစည်းကမ်း အတိကျဆုံးဟာ ကံတရားပါ၊ ဘယ်သူ့ ကိုမှ မျက်နှာမလိုက်ပါဘူး၊ ဘယ်တော့မှလဲ မျက်နှာမလိုက်ပါဘူး၊ သူရှိတာ ပေးမှာပါ၊ မရှိတာလဲ သူမပေးဘူး၊ ရှိရက်သားနဲ့လဲ လျှို့ဝှက် မထားပါဘူး၊ ကံတရားဟာ ကိုယ့် အပေါ်မှာ အင်မတန် စည်းကမ်းရှိပါတယ်။

ကောင်းတဲ့ကံတရားဆိုလဲ အလွန်သစ္စာ ရှိပါတယ်၊ မကောင်းတဲ့ ကံတရားကတော့ ကိုယ့် အပေါ် အလွန်သစ္စာဖောက်ပါတယ်၊ သစ္စာဖောက် ဆိုတာ သူရှိတဲ့အတိုင်း ပေးတာပဲ ပြောတာပါ။

http://www.dhammadownload.com



* ကိုယ့်အကျိုးသာ၊ ပေးနိုင်တာ၊ ကံမှာ စည်းကမ်းရှိ၊
* ကံရှိသလောက်၊ အကျိုးရောက်၊ မျက်မှောက်မြင်အောင်ကြည့်။

ကံဆိုတဲ့ စေတနာ အလုပ်သမားက မြှုပ်နှံထားလို့ ရလာတဲ့ ကမ္မသတ္တိ အားလျော်စွာ၊ အကျိုးရောက်နေကြတာပဲ၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည်ဖြင့် အရပ်ရပ်နေရာခပ်သိမ်းမှာ အကြောင်းကံရှိသလောက်ပဲ အကျိုးတရားရပြီး နေကြရတာဟာ ဉာဏ်နဲ့ဖြန့်ပြီး ကြည့်တတ်လို့ရှိရင် ကြည့်နိုင်သလောက် မြင်မှာပါ။

http://www.dhammadownload.com

## ပစ္စုပ္ပန်မှာ အကျိုးပေးတာ ကံတရား

ဖြစ်ချင်တိုင်းဖြစ်တာ မဟုတ်ပဲ၊ အကြောင်းကံ အရင်းခံရှိသ လောက်သာ ဖြစ်နေကြရပုံတွေ၊ မဖြစ်ချင်သော်လဲ၊ မလိုချင်သော်လဲ အကြောင်းကံရှိသလိုရနေကြပုံတွေ၊ ဉာဏ်ရှိသလောက် ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတဲ့ ဉာဏ်မှန်ပြောင်း တပ်ပြီးကြည့်လိုက်လို့ရှိရင် ပြတ်ပြတ်သားသား မြင်ရပါတယ်။

- ကိုယ့်အကျိုးသာ၊ ပေးနိုင်တာ၊ ကံမှာ စည်းကမ်းရှိ၊
- ကံရှိသလောက်၊ အကျိုးရောက်၊ မျက်မှောက်မြင်အောင်ကြည့်၊

http://www.dhammadownload.com



* မျက်မှောက်တမလွန်၊ အပြန်ပြန်၊ ကိုယ်ကံ ကျိုးပေး၏။

ကံတရားသည် ပစ္စုပ္ပန်မှာလဲ အကျိုးပေး တယ်၊ ဒုတိယဘဝမှာလဲအကျိုးပေးတယ်၊ တတိယ ဘဝကစပြီးတော့ နိဗ္ဗာန်မရောက်မချင်းလဲ အကျိုး ပေးနိုင်တဲ့ သတ္တိတွေအများကြီး ပါကြပါတယ်။

ဒါကြောင့် အဲသလိုနားလည်လို့၊ ယခု စေတနာဆိုတဲ့ အလုပ်သမားရဲ့ စွမ်းအားကိုသိနေ ကြလို့၊ သဒ္ဓါ, သတိ, ဝီရိယ, ပညာဆိုတဲ့ ကံပိုင်းဆိုင်ရာ စေတနာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ တရားစွမ်းအားများကို မြှင့်တင်ပြီး ပေးလိုက်တော့ ယခု ကုသိုလ်ကောင်းမှုတွေ အများကြီးရနေကြ တာပဲ။

ယခု အလုပ်သမားဝန်ကြီးဌာနရဲ့ အင်မ တန်ခမ်းနားကြီးကျယ်တဲ့ မှော်ရုံကြီးကလဲ မြေကြီး ထဲက ဘွားကနဲ ပေါ်လာသကဲ့သို့ ပေါ်ပေါက်လာ ရတာ၊ စေတနာဆိုတဲ့ အလုပ်သမား သိပ်ကောင်း သွားလို့ပေါ့။

* ပြုလုပ်ဆဲမှာ၊ စေတနာ၊ ပြီးခါကံဟုသိ၊
* ပြုထိုက်ပြုအပ်၊ ဤနှစ်ရပ်၊ စွဲမှတ်ကံခေါ်ဘိ၊

http://www.dhammadownload.com



* ကိုယ့်အကျိုးသာ၊ ပေးနိုင်တာ၊ ကံမှာ စည်းကမ်းရှိ၊
* ကံရှိသလောက်၊ အကျိုးရောက်၊ မျက်မှောက်မြင်အောင်ကြည့်
* မျက်မှောက်တမလွန်၊ အပြန်ပြန်၊ ကိုယ့်ကံကျိုးပေး၏။

## မကောင်းကံဆိုတာ

အဲဒီကံမှာလဲ၊ ကောင်းကံ, မကောင်းကံလို့ နှစ်မျိုးမှာ မကောင်း ကံဆိုတာက စိတ်မနိုင်လို့ရတာ၊ စေတနာအထားအသို မှားသွားလို့ရတာ၊ ကိုယ်မလိုချင်တာတွေပဲ ပေးလိမ့်မယ်၊ ကိုယ်လိုချင်တာ အကုန်လုံး သူရုပ်သိမ်းသွားမှာ၊ ကိုယ်လိုတာ အကုန်လုံး သူက ဖယ်ရှားပစ်ပါလိမ့်မယ်၊ ပြီးတော့ ကိုယ်က သူ့ကို အကုန်လုံး တာဝန် ယူရမှာပါ၊ လောကကြီး တစ်ခုလုံး

http://www.dhammadownload.com



ဉာဏ်နဲ့ ဖြန့်ကြည့်၊ အကုသိုလ်ရဲ့ တာဝန်ကို ယူနေရတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပါ။

# ကုသိုလ်ကံက စိတ်နိုင်လို့ရတာ

ကုသိုလ်ကျတော့ စေတနာကြီးကြပ်ကွပ်ကဲရေးအဖွဲ့က အားကောင်းလို့ စေတနာ အလုပ်သမားကောင်းသွားအောင် လမ်းရှင်းနိုင်သူတွေ ကံကောင်းကြတယ်။

ကုသိုလ်ကံသည် -

* စိတ်နိုင်လို့ ရတာဖြစ်သောကြောင့်၊
* စိတ်အထားအသို နေရာမှန်လို့ရတာဖြစ်သောကြောင့်၊
* ကိုယ်လိုတာ အကုန်လုံး ပေးပါတယ်၊
* မလိုတာ အကုန်လုံး ဖယ်ရှားတားမြစ်ဖျက်ဆီး သုတ်သင် ပစ်နိုင်ပါတယ်၊
* သူကကိုယ့်ကို အကုန်တာဝန်ယူသွားပါတယ်။

http://www.dhammadownload.com



စိတ်ကောင်းစေတနာကောင်းကြောင့် ပေါ်လာသော ကံကောင်းများသည် ကိုယ့်ကို အားလုံး အာမခံ တာဝန်ယူသွားကြပါတယ်၊ မိဘဆိုလဲသူပဲ၊ ဆွေမျိုးဆိုလဲသူပဲ၊ မိတ်ဆွေဆိုလဲသူပဲ၊ ကိုယ်ပိုင်ဆိုလဲ သူပဲ၊ အကုန်လုံး သူက အာမခံ တာဝန်ယူသွားတယ်၊ အဲသလို နားလည်တဲ့ ပုဂ္ဂိုလ်များဟာ စိတ်ကောင်းစေတနာကောင်းနဲ့ ကံကောင်းကို ပြုလုပ်အားထုတ်တဲ့အခါမှာ အလွန်တရာမှ ပျော်ရွှင်အားရကြ၊ အားတက်သရောနဲ့ ရအောင်ယူကြပါတယ်။

## စေတနာမှားရင် ကံမည်းတွေရမယ်

* အကုသိုလ်မှာ၊ လိုတာမပေး၊ စိတ်မအေးရ၊ ကိုယ်က တစ်ဖန်၊ သူ့ကိုပြန် တာဝန်ယူရပါ။

စေတနာမှာ မှားသွားတော့ အကုသိုလ်ကံဆိုတဲ့ ကံအမည်းတွေ ပေါ်ပေါက်လာတယ်၊

http://www.dhammadownload.com



ကံအမည်းသည်၊ စိတ်မနိုင်လို့ ရတာဖြစ်သော ကြောင့် ကိုယ်လိုတာ ဘာတစ်ခုမှ မပေးပါဘူး၊ မလိုတာတွေကိုပဲ သူအကုန်ပေးတတ်ပါတယ်၊ ကိုယ်က သူ့ကို အကုန်တာဝန်ယူရမယ်။

ဒါကြောင့် အမှားတစ်ခု လုပ်တော့မယ် ဆိုရင် "တာဝန်ယူရမယ်နော်၊ တာဝန်ယူနိုင်ရင် မင်းလုပ်နော်၊ တာဝန်မယူနိုင်ရင် မင်းရပ်ပါ"လို့ ဉာဏ်တို့ သတိတို့ ဝင်လာတဲ့အခါ တချို့တွေမှာ အကုသိုလ် မလုပ်ဖြစ်ကြပါဘူး။

* **အကုသိုလ်မှာ၊ လိုတာမပေး၊ စိတ်မအေးရ၊ ကိုယ်က တစ်ဖန်၊ သူ့ကိုပြန်၊ တာဝန်ယူရပါ။**

http://www.dhammadownload.com

# ကုသိုလ်က အကုန်တာဝန်ယူတယ်

* **ကုသိုလ်အစု၊ ကောင်းတာပြုက၊ စိတ်အေးရအောင်၊ သူကတစ်ဖန်၊ ကိုယ့်ကိုပြန်၊ တာဝန်ယူသွားပါ။**

ကုသိုလ်ကျတော့ စိတ်နိုင်လို့ရတာ စိတ်အထားအသိမှန်လို့ ရတာဖြစ်လို့၊ ကိုယ့်စိတ်ကြိုက်လိုတာအကုန်ပေးတယ်၊ သူက ကိုယ့်ကို အကုန်တာဝန်ယူသွားတယ်၊ လိုချင်တာကို သူအကုန်ပေးတော့မှာ နောက်ဆုံး ဆင်းရဲဒုက္ခ ခပ်သိမ်းလွတ်ငြိမ်းရာ နိဗ္ဗာန်အထိ ရောက်အောင် သူပို့ဆောင်ပေးမှာ သေချာသွားပါပြီ။

http://www.dhammadownload.com



* အကုသိုလ်မှာ၊ လိုတာမပေး၊ စိတ်မအေးရ၊ ကိုယ်ကတစ်ဖန်၊ သူ့ကိုပြန်၊ တာဝန်ယူရပါ။
* ကုသိုလ်အစု၊ ကောင်းတာပြုက၊ စိတ်အေးရအောင်၊ သူကတစ်ဖန်၊ ကိုယ့်ကိုပြန်၊ တာဝန်ယူ သွားပါ။

ဒါကြောင့် ပညာယ၊ ဟိုတွေးသည်တွေး၊ ကင်းစင်ဝေး၍၊ အတွေးမှန်ကန်၊ အသိဉာဏ် ဆိုသော ပညာတရားဖြင့်၊ ပရိသုဒ္ဓတိ၊ ကိုယ့်ဝန် ကိုယ်ထမ်းလူ့အစွမ်းဟု ချီးမွမ်းထိုက်စွာ၊ ကောင်းစွာမသွေ၊ သန့်ရှင်းရပါပေသတည်း။

http://www.dhammadownload.com

# သဒ္ဓါတရားသည်
# စိတ်သန့်စင်ပေးသော ကိရိယာ

သဒ္ဓါတရား အားကောင်းရင် ညြဃလေးခန်း ရေပြင်ကြမ်းကြီးကို ကူးမြောက်နိုင်တယ်၊ ဩဃဆိုတာဝဲပေါ့၊ ဝဲဆိုတာ စုပ်တတ်တဲ့ သဘောရှိတယ်၊ သတ္တဝါတွေကို အောက်ကို ဆွဲစုပ်တဲ့ တရားကို ဝဲလို့ခေါ်တယ်။

ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ၊ တရားကိုယ် အားဖြင့်တော့ လောဘရယ်၊ ဒိဋ္ဌိရယ်၊ မောဟရယ်ပေါ့။

အဲဒီတရားတွေဟာ တရားအလုပ် ကင်းကွာတဲ့အခါ သူတို့က ဆွဲ,ဆွဲပြီးချတယ်၊

http://www.dhammadownload.com



ဒီတရားတွေ လွတ်မြောက်သွားအောင်ဆိုရင် သဒ္ဓါတရားနဲ့ ကူးရပါတယ်၊ ရတနာသုံးတန်, ကံ, ကံ၏အကျိုးအပေါ် မှာ သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရားပေါ်လာရင် စိတ်သန့်စင်ပြီးတော့မှ စိတ်စွမ်းအားတွေ ပေါ်ပေါက်ပြီး အဲဒီအောက်ကို ဆွဲချတဲ့ တရားတွေ လွန်မြောက်သွားအောင်ကူးလို့ ရတယ်။

ဗုဒ္ဓမြတ်စွာ သာသနာတော်ဆိုတာ စိတ်သန့်စင်တဲ့ စက်ကြီးလို့ ခေါ်လို့ရတယ်၊ သာသနာသည် စိတ်ကောင်းထုတ်လုပ်တဲ့စက်ကြီး စိတ်ကုန်ကြမ်း ကုန်ချောထုတ်ပေးတဲ့စက်ကြီး။

ဗုဒ္ဓရတနာဆိုတာ စိတ်သန့်စင်ပေးတဲ့ စက်ကြီး၊ စိတ်အပူအအေး ခံတဲ့စက်ကြီး၊ ပျက်တဲ့ စိတ်တွေကို ပြင်ပေးတဲ့ စက်ကြီး၊ ကံပျက်တွေကို ကံကောင်းဖြစ်အောင် ပြင်တဲ့စက်ကြီးလို့၊ သဒ္ဓါ ပညာ အားကောင်းရင် အားကောင်းသလို အာရုံ ပြုပြီးမှ စွမ်းအားကို ယူလို့ ဖြစ်ပါတယ်။

ဒါကြောင့် သဒ္ဓါတရားသည် စိတ်ရှင်းတဲ့ ကိရိယာ။

http://www.dhammadownload.com

# ဘဝပင်လယ်ကူးရာဝယ်

အပ္ပမာဒေန အဏ္ဏဝံ၊ ကောင်းမှုကုသိုလ် တရားတို့၌ မမေ့မလျော့ မပေါ့မတန် ထက်သန် ထူးခြား အပ္ပမာဒသတိတရားဖြင့်၊ ဘဝပင်လယ် မြစ်ပြင်ကျယ်ကြီးကို ကူးနိုင်တယ်၊ ဘဝကို ပင်လယ်လို့ မြင်တယ်၊ ကမ်းလဲ မမြင်ရဘူး၊ လမ်းလဲ မမြင်ရဘူး၊ သိပ်ပြီးတော့ကျယ်ဝန်းတယ်၊ အန္တရာယ်ကလဲ အလွန်ထူပြောတဲ့ ဘဝပင် လယ်ကြီးပေါ့။

ပကတိပင်လယ်ဆိုတာ ကျယ်ဝန်းသော်လဲ၊ လမ်းဆိုတာမှန်းလို့ ရသေးတယ်၊ ကမ်းဆိုတာ မှန်းလို့ရသေးတယ်။

http://www.dhammadownload.com



ပင်လယ်ဆိုတဲ့ ဘ၀သံသရာကြီးကတော့ လမ်းလဲမှန်းလို့မရ၊ ကမ်းလဲမှန်းလို့မရ၊ ပုထုဇဉ် စိတ်ဆိုတာက (ဘ၀သံသရာမှာ ခန္ဓာ၀န်ထမ်းပြီး သွားနေခိုက်မှာ) စိတ်နိုင်တဲ့ အချိန်နဲ့ မနိုင်တဲ့ အချိန် ယှဉ်ကြည့်၊ မနိုင်တဲ့အချိန်က သိပ်များတယ်။

၅ မိနစ်လောက် ကိုယ့်စိတ်ကလေး အကဲ ခတ်စမ်းကြည့်ပါ၊ ကိုယ့်စိတ်ကလေး ကိုယ့် စိတ်ကြိုက်ထားလို့ရတဲ့ အချိန် ဘယ်လောက်ပါ သလဲ? ကိုယ့်စိတ်ကြိုက်ထားလို့ မရပဲ သူပြေး ချင်သလို ပြေးနေတဲ့အချိန်က ဘယ်လောက် ပါသလဲ?။

တစ်ခါတစ်ရံ ၅ မိနစ်စေ့သွားတယ်၊ ကိုယ့်စိတ်ကလေးဟာ၊ ကိုယ့်နေရာကိုယ် ၅ မိနစ် လုံးထားလို့ မရတာတွေ့လိမ့်မယ်၊ တစ်ခါတစ်ရံ ခက်ခက်ခဲခဲ စိုက်နိုင်လို့ ၁ မိနစ်လောက်တော့ ကိုယ့်စိတ်ကလေး ကိုယ့်နေရာထားလို့၊ ကိုယ်ပိုင် စိတ်ကလေး ဖော်ထုတ်လို့ ရတာတွေ့မယ်၊ ၄ မိနစ်လောက်က စိတ်မနိုင်လို့ လက်လွှတ်လိုက် ရတာ မျိုးဖြစ်တတ်တယ်၊ အဲသလို စသည်ဖြင့် အထိန်းကောင်းရင် ကောင်းသလောက်၊ ကိုယ်ပိုင် စိတ်ကလေးတွေ ပေါ်လာတယ်။

http://www.dhammadownload.com



ဒါကြောင့် ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်း ပြဖို့ဟာ ကိုယ်ပိုင်စိတ် ကောင်းရှိဖို့သာ ပဓာနပါ။

* ကိုယ်ပိုင်စိတ်ကောင်းရှိသူသည်၊
* ကိုယ့်အလုပ် ကိုယ်လုပ်တတ်တယ်၊
* ဘယ်အလုပ်မဆို ကိုယ့်အလုပ်ချည်းပါပဲ၊
* သူများစိတ်တွေ ဝင်လာတဲ့ အခါမှာ၊
* ဘယ်အလုပ်မဆို သူများအလုပ်ချည်း ဖြစ်သွားပါတယ်။

# ကိုယ်ပိုင်စိတ်နှင့် သူများစိတ်

သူများစိတ်ဆိုတာက ကိလေသာစိတ်တွေက အကုန်လုံး သူများစိတ်တွေချည်းပဲ၊ အစိအစဉ်ကင်းမဲ့တဲ့ စိတ်တွေသည် အကုန်လုံး သူများစိတ်တွေချည်းပဲ။

သဒ္ဒါတရားက သန့်စင်ပေးလို့ ဒါနလုပ်ဖို့ အဆင်သင့်၊ သီလကျင့်သုံးဖို့အဆင်သင့်၊ တရား

http://www.dhammadownload.com



ဘာဝနာပွားများဖို့ အဆင်သင့်၊ သတိ အထိန်းလေး လက်ထဲကို ရောက်သွားပြီ ဆိုက တည်းက ဒါဟာ ကိုယ်ပိုင်စိတ်တွေပါ။

ကိုယ်ပိုင်စိတ်ဆိုတာ မချုပ်မပျောက် မြဲနေတာကို ဆိုလိုတာ မဟုတ်၊ ကိုယ့်အလုပ်ကိုယ် လုပ်နိုင်ဖို့ အသင့်အနေအထားမှာ ရောက်ရှိနေ သောစိတ်များကို ကိုယ်ပိုင်စိတ်လို့ ခေါ်ပါတယ်။

ဒါကြောင့် သတိအထိန်းက ဘဝပင်လယ် ကူးနိုင်အောင် သူ့အကုန် ဆောင်ရွက်ပေးတယ်၊ သတိကို အချိန်ထိန်းတဲ့ ကိရိယာ၊ အာရုံထိန်းတဲ့ ကိရိယာ၊ စိတ်ထိန်းတဲ့ ကိရိယာလို့ ခေါ်နိုင်တယ်၊ စိတ်ရဲ့ သိတံကြိုးလို့လဲ ခေါ်လို့ရပါတယ်။

http://www.dhammadownload.com

# သတိသည်စိတ်သိတဲ့ကြိုး

လောကမှာ စိပ်ပုတီးများ ကြိုးပြတ်သွားတဲ့အခါ ပုတီးလုံးတွေ ဟိုတစ်လုံး၊ ဒီတစ်လုံး ပြန့်ကြဲသွားတယ်၊ ဒါမျိုးလိုပဲပေါ့၊ စိတ်ဟာ သတိကြိုးပြတ်သွားပြီဆိုတဲ့အခါ၊ ထိန်းမနိုင် သိမ်းမရ၊ ဟိုရောက် ဒီရောက်၊ ဟိုပြန့်ဒီပြန့်၊ ကိုယ့်စိတ် ဘယ်နေရာ ရောက်နေမှန်းကို မသိတော့ဘူး၊ ဘာတွေအာရုံပြုနေမှန်းကို မသိတော့ဘူး။

အလုပ်တော့ လုပ်နေတာပဲ၊ သို့သော်တည်တည်တံ့တံ့၊ စူးစူးစိုက်စိုက်ရယ်လို့ မနေတော့ပဲ၊ ပြန့်ကြဲကြီး ဖြစ်နေတယ်။

http://www.dhammadownload.com



ခိုင်မာသော သိတံကြိုးနဲ့ သိကုံးထားတဲ့ ပုတီးကုံးများဟာ ပုတီးလုံးတွေကို ခိုင်မြဲစွာ သိကုံးထားနိုင်သလိုပေါ့၊ သတိကြိုးဟာ စိတ်ကလေးကို သိကုံးထားနိုင်တယ်၊ အချိန်နဲ့ အင်အား ဖြုန်းတီးမှုကို ထိန်းချုပ်ပေးနိုင်ပါတယ်။

လူ့ဘဝမှာ အချိန်နဲ့အင်အား ဖြုန်းတီးမှုဟာ နှမြောစရာ အကောင်းဆုံးပါ၊ အချိန်တွေ, အင်အားတွေ အလဟဿ ကုန်အောင် ဖြုန်းတီးလိုက်တဲ့ အခါမှာ၊ အင်အားတွေဟာ ဖြုန်းတီးမှုဘက်ကိုပါ၊ ပြီးတော့မှ၊ ကိုယ်ပိုင်စွမ်းအားတွေ လစ်ဟင်း ဆုံးရှုံးကြရတာတွေ အများကြီး။

အပ္ပမာဒသတိသည် အချိန်နဲ့အင်အား ဖြုန်းတီးမှုကို ထိန်းချုပ်ပေးနိုင်တယ်၊ စွမ်းအားကိုရအောင် ယူပေးနိုင်တယ်၊ လက်ထဲမှာကိုင်ထားတာ အကုန်လုံး ကုသိုလ်ထုပ်ချည်းပဲ၊ မအားတဲ့ အလုပ်မှန်သမျှ အကုန်တရားအလုပ်ချည်းပဲလို့ ပြောနိုင်တာ၊ အချိန်ထိန်း ကိရိယာ၊ အာရုံထိန်းကိရိယာ၊ စိတ်ထိန်းကိရိယာ သတိအမြဲ လက်ကိုင်ထားဖို့ လိုပါတယ်။

http://www.dhammadownload.com

# ဝီရိယက ဒုက္ခလွတ်အောင် ရုန်းလို့ရတယ်

ဝီရိယေနဒုက္ခမစ္စေတိ၊ လုံ့လဝီရိယဖြင့်၊ ဒုက္ခလွတ်အောင် ရုန်းရပါတယ်၊ ရုန်းတော့လဲ သတိအထိန်းပါမှ (ဝီရိယသည်) ဒုက္ခ လွတ်အောင် ရုန်းလို့ရတယ်၊ ဘာလို့တုန်းဆိုတော့ အားထုတ်တယ် ဆိုတာက နှစ်မျိုးရှိတယ်။

အားတွေကို ဘေးထုတ်ပစ်တဲ့ အားထုတ်ခြင်းက တစ်မျိုး၊ အားတွေကို ထုတ်ယူထားလိုက်သော အားထုတ်ခြင်းကတစ်မျိုးလို့ နှစ်မျိုးရှိပါတယ်။

http://www.dhammadownload.com



* အားတွေကို ဘေးထုတ်ပစ်တယ်ဆိုတာ၊
* သတိအထိန်း လွတ်နေသော အားထုတ်ခြင်းမျိုး၊
* ပညာလမ်း ညွှန်ချက်ကင်းသော အားထုတ်ခြင်းမျိုး၊
* ချိန်သီးပြုတ်နေသော အားထုတ်ခြင်းမျိုးသည်၊
* အားတွေကို ဘေးထုတ်ပစ်ခြင်း ဖြစ်ပါတယ်။

အားကိုဘေးထုတ်ပစ်တဲ့ ပုဂ္ဂိုလ်များသည် အားပျော့တယ်၊ အားငယ်တယ်၊ အားကုန်တယ်၊ အချိန်တန်နားရင်နား၊ မနားရင် ဒုက္ခရောက်မယ် (သူကအားတွေကို ဘေးထုတ်ပစ်တာကိုး) တစ်နေ့လုံး ချွေးဒီးဒီးကျအောင် ပြေးလွှားရုန်းကန်ကြိုးစားနေတယ်၊ ဒါပေမယ့် ကိုယ်ပိုင်တရားကဘာလဲလို့ မေးလိုက်တော့၊ ဘာမှပြစရာမရှိ (အားတွေကို ဘေးထုတ်ပစ်တာပါ)

* အားတွေကို ထုတ်ယူတယ်ဆိုတာက၊
* သတိအထိန်းပါတယ်၊
* ပညာလမ်းညွှန်ပါတယ်၊

http://www.dhammadownload.com



* သတိပညာချိန်သီးပါတယ်၊
* သဒ္ဓါတရားနဲ့ သန့်စင်ထားသော စိတ်က လေးလဲ ဖြစ်နေတယ်၊
* အဲဒါအားကိုထုတ်ယူတာ။

အဲဒါကြောင့် ယခုလို မွှောရုံကြီးတွေဆိုတာ အားကိုထုတ်ယူတဲ့ နေရာပါ၊ အားကို ဘေးထုတ် ပစ်တဲ့နေရာမျိုးမဟုတ်ပါဘူး၊ ဒါကြောင့် သတိ ပညာထိန်းပါရင်၊ ဝီရိယနဲ့အားထုတ်သမျှဟာ ဒုက္ခ လွတ်ကြောင်း တွေချည်းပဲ။

# ဒုက္ခလွတ်ကြောင်းတွေချည်းပဲ

နိုင်ငံတာဝန်ထမ်းတာ ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်း၊ ဒုက္ခလွတ်ကြောင်းကောင်းတဲ့ အလုပ် တွေပဲ၊ အိမ်မှုကိစ္စအလုပ်တွေဟာလဲ ဒုက္ခ လွတ် ကြောင်းကောင်းတဲ့ အလုပ်တွေချည်းပဲ၊ အကုန် လုံးဟာ ကိုယ်ပိုင်အလုပ်ချည်း ဖြစ်သွားတယ်၊

http://www.dhammadownload.com



အားကို ထုတ်ယူထားတဲ့ ပုဂ္ဂိုလ် အတွက်ဆိုရင်၊ အားလုံးဟာ ဒုက္ခလွတ်ကြောင်း တွေချည်းပဲ။

ဒါကြောင့် အားကို ထုတ်ပစ်သော အား ထုတ်ခြင်းမဟုတ်၊ အားကို ထုတ်ယူထားသော အားထုတ်ခြင်းဆိုရင်၊ သတိပညာပါသော အားထုတ်ခြင်းဖြစ်တဲ့အတွက် ဒုက္ခလွတ်အောင် ရုန်းနေတာပဲ။

http://www.dhammadownload.com

# ပညာနဲ့ သန့်ရှင်းအောင် သုတ်သင်ပါ

စတုတ္ထကပညာ၊ ပညာနဲ့ သန့်ရှင်းအောင် သုတ်သင်ရပါတယ်၊ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိပေါ့၊ လုပ်ငန်းပိုင်းမှာ အသိပညာ အားကောင်းတဲ့ ပုဂ္ဂိုလ်များဟာ ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်းမှာ ပြတ်သားစွာ အင်အားပြနိုင်ကြပါတယ်၊ ပြတ်သားသော စွမ်းအားများကိုလဲ ရအောင်ယူနိုင်ကြပါတယ်။

ပညာမျက်လုံးလေး ကောင်းလာတဲ့အခါ၊ ထမင်းချက်တာ နိဗ္ဗာန် ရောက်ကြောင်း ဒါန၊ သီလ၊ ဘာဝနာ ထုပ်ကြီးဖြစ်နေတာ တွေ့ရတယ်၊ နိုင်ငံ့တာဝန်ထမ်းတာ ဒါန၊ သီလ၊ သမာဓိ၊

http://www.dhammadownload.com



ဝိပဿနာထုပ်ကြီး ဖြစ်နေတာတွေ့ရတယ်၊ ဝေယျာဝစ္စ ကုသိုလ်တွေ၊ အထုပ်လိုက် အပုံလိုက် ရနေတာတွေ့ရတယ်၊ ဘယ်ဟာပဲကြည့်ကြည့် ပျော်စရာကြီး မြင်နေတော့တာ။

ပညာမျက်လုံးလေး ကောင်းသွားတဲ့အခါ အသိလေးစင်ကြယ် လာတဲ့အခါ၊ ဘယ်ဟာမဆို ပျော်စရာအင်အားအနေနဲ့ မြင်ပြီးတော့ ကိုယ်ပိုင် တရားတွေ ရနေတယ်၊ ဒါကြောင့် အသိပညာဟာ ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်း ဖြစ်အောင်လို့ စင်ကြယ်တဲ့ အမြင်ပေါ်လာအောင်လို့ ဆောင်ရွက် ပေးသောတရားပါ။

http://www.dhammadownload.com

## ဘဝကူးစိတ်အေးရပြီ

သတိနဲ့ ပညာနှစ်ပါးကို လူ့ဘဝချိန်သီးလို့ ခေါ်တယ်၊ သဒ္ဓါနဲ့ ဝီရိယနှစ်ပါးကို လူ့ဘဝ လက်တံလို့ခေါ်တယ်၊ ချိန်သီးနဲ့ လက်တံ ပါလာပြီ ဆိုရင် အဲဒါ စေတနာကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ကောင်းလာပြီ။

* စေတနာဆိုတဲ့ အလုပ်သမားကို ကြီးကြပ်ကွပ်ကဲပေးသောအဖွဲ့၊
* ကောင်းလာပြီဆိုတဲ့အခါ၊
* ပစ္စုပ္ပန်မှာလဲ ချမ်းသာအောင် နေတတ်လာပြီ၊
* ဘဝကူးစိတ်အေးရပြီ၊

http://www.dhammadownload.com



- နောင်ရေးဘာမှ မပူနဲ့တော့၊
- ကံထိန်းခလုတ် အသိဉာဏ်အားကောင်း သူအတွက်၊
- ကိုယ်ဝန်ကိုယ်ထမ်း လူ့အစွမ်း၊
- ကိုယ့်အလုပ်ချည်းပဲဖြစ်နေပါတယ်။

http://www.dhammadownload.com

## သတိဟူသည်

သတိဆိုတာအာရုံကို ပုံဖော်ရတယ်၊ အာရုံနဲ့ စိတ်ကပ်ရတယ်၊ အလုပ်မပြီးခင် အာရုံမပျောက်အောင် ထိန်းရတယ်၊ အလုပ်လုပ်နေစဉ် မဆိုင်တဲ့ အာရုံဝင်မလာရအောင် ကာကွယ်စောင့်ရှောက်ရတယ်၊ အလုပ်လုပ်ပြီဆိုရင်၊ ရှေ့အသိနဲ့ နောက်အသိစပ်ထားရတယ်၊ အဲဒါ သတိခေါ်တယ်။

## ပညာဓာတ်ခွဲကျွမ်းကျင်ရင်

ပညာဆိုတာ ဓာတ်ခွဲပေးတယ်၊ ချင့်ချိန်ချိန်တွယ်, တွက်ချက် ပေးတယ်, ထမင်းချက်တဲ့ ထမင်းအိုးထဲ ဒါနဘယ်လောက် ပါဝင်တယ်၊ ထမင်းချက်ရတာ ပျော်လိုက်တာ (ဒါနထုပ်ကြီး ဖြစ်နေလို့)။

http://www.dhammadownload.com



မိသားစုအချင်းချင်း ကျွေးရတာကို ပျော်စရာအလှူပွဲကြီးလို့ မြင်တတ်လာတယ်၊ ဝေယျာဝစ္စကုသိုလ်တွေလို့ မြင်တတ်လာတယ်၊ သတိနဲ့ ဝီရိယတွဲပြီး သမာဓိလေးတွေ ဖော်ထုတ်တတ်လာတယ်။

သိတတ်တဲ့ စိတ်နဲ့ သိစရာ ဆန်လေးတွေ ဟင်းသီးဟင်းရွက်လေးတွေ ဘဝပြောင်းသွားပုံလေးတွေကြည့်ပြီး ဝိပဿနာ ယူတတ်လာတယ်၊ စားဝတ်နေရေးနဲ့ တရားဟာ တစ်သားထဲ ပေါင်းမိသွားတယ်။

ပညာဓာတ်ခံ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်၊ ကိုယ့်ဝန်ကိုယ်ထမ်း လှူ့အစွမ်းပဲ၊ သူထမင်းချက်တာ သူများထမင်းအိုးချက်တာ မဟုတ်တော့ဘူး၊ ကိုယ်ပိုင်ဒါန, သီလ, ဘာဝနာ ထမင်းချက်နေတာ၊ စားလို့ ကုန်သွားပေမယ့်၊ မကုန်တဲ့တရားသူ့မှာ ကျန်ခဲ့မှာ သေချာသွားပြီ၊ အဲသလိုကျန်မှလဲ၊ ကိုယ့်ဝန်ကိုယ်ထမ်း လှူ့အစွမ်းခေါ်မှာပေါ့။

ဟင်းချက်တာ သူ့မှာ တရားအလုပ်ပဲ၊ ဈေးရောင်းတာ သူ့မှာ တရားအလုပ်ပဲ၊ ဈေးရောင်းတဲ့ထဲ ဒါန,သီလ, ဘာဝနာ တစ်ခါထဲ ပါသွားအောင် ယူတတ်တယ်၊ ပညာရှိတဲ့ (ပညာချိန်သီး

http://www.dhammadownload.com



ကောင်းတဲ့) ပုဂ္ဂိုလ်များ ဘယ်အလုပ်မှ အလကား အဖြစ်မခံပါဘူး။

နိုင်ငံတာဝန်ထမ်းတယ်၊ ဒီတာဝန်ထဲမှာ ငါ့အတွက် သီလ ဘယ်လောက်ထည့်လို့ ရသလဲ၊ ဒီတာဝန်ထဲမှာ ဝေယျာဝစ္စကုသိုလ် ဘယ်လောက်ထည့်လို့ ရသလဲ၊ ဒီတာဝန်ထဲမှာ သမာဓိလေးတွေ၊ မေတ္တာလေးတွေ ဘယ်လောက်ထည့်လို့ရသလဲ၊ ပညာဓာတ်ခွဲ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်များဟာ ဘယ်အလုပ်မှ အလွတ်မခံဘူး၊ တရားရအောင် ယူတာချည်းပဲ။

ဒါကြောင့် ချိန်သီးကောင်းရင်၊ ကိုယ့်ဝန် ကိုယ်ထမ်း လူ့အစွမ်း ဖြစ်လာတယ်။

## သဒ္ဓါတရားက စိတ်ကို သန့်စင်ပေးတယ်

* သတိပညာ၊ ချိန်သီးမှာ၊ ကောင်းစွာတပ် ထားမှ၊
* လုံ့လသဒ္ဓါ၊ လက်တံမှာ၊ မှန်စွာလည် ပတ်ကြ။

http://www.dhammadownload.com



လုံ့လ ဝီရိယနဲ့ သဒ္ဓါနှစ်ပါးက လူ့ဘဝ လက်တံနှစ်ချောင်း၊ သဒ္ဓါတရားက စိတ်ကို သန့်စင်ပေးတယ်၊ လုပ်သင့်တာ ရဲရဲသာလုပ်၊ အကျိုးပေးဖို့ ကိုယ့်တာဝန်ထားလို့ အကုန်လုံး အာမခံတာဝန် ယူတယ်။

ဝီရိယက အားတွေကို ထုတ်ပေးတယ်၊ သူက အားတွေကို ဘေးထုတ်မပစ်ပဲ၊ အားတွေကို ထုတ်ယူထားလိုက်တယ်၊ ဘယ်ဟာပဲ လုပ်လုပ်၊ ကိုယ်ပိုင် တရားကျန်အောင်ယူထားတယ်။

အဲဒီချိန်သီးနဲ့လက်တံရှိလို့ကတော့၊ ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်းပဲ၊ စားဝတ်နေရေးနဲ့ တရားတစ်သားထဲ ပေါင်းမိသွားပြီ၊ စီးပွားရေးနဲ့ တရားအလုပ် တစ်သားထဲ ပေါင်းမိသွားပြီ၊ လူမှုရေးနဲ့ တရားအလုပ် တစ်သားထဲပေါင်းမိ သွားပြီ၊ နိုင်ငံတာဝန်ထမ်းခြင်း အလုပ်နဲ့တရား တစ်သားထဲ ပေါင်းမိသွားပြီ၊ ဒို့မအားသေးလို့ ကုသိုလ်မလုပ်ရသေးဘူးဆိုတာ မရှိတော့ပါဘူး။

စေတနာကြီးကြပ် ကွပ်ကဲရေးအဖွဲ့က တစ်ခါထဲပါနေတာဖြစ်လို့ တစ်ပါတည်း ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်းကို ပြပြီးသွား နိုင်ပါတယ်။

http://www.dhammadownload.com



* သတိပညာ၊ ချိန်သီးမှာ၊ ကောင်းစွာတပ်ထားမှ၊
* လုံ့လသဒ္ဓါ၊ လက်တံမှာ၊ မှန်စွာလည်ပတ်ကြ၊
* လူ၏စွမ်းအား၊ မြတ်တရား၊ စိတ်ထားကောင်းမှရနိုင်ကြ၊
* ကိုယ့်ဝန်ကိုယ်ထမ်း၊ လူ့အစွမ်း၊ချီးမွမ်းထိုက်ပေစွ။

# လာတုန်းက ငိုပြီး လာခဲ့ကြတာ

လူ့ဘဝရယ်လို့ ဖြစ်လာရင် လူ့ဘဝရလဒ် သုံးခုရှိတယ်။

(၁) ပစ္စုပ္ပန်မှာ၊ ဘယ်အာရုံနဲ့တွေ့တွေ့၊ တွေ့သမျှ အာရုံနဲ့ အဆင်ပြေအောင် တည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာ နေတတ်ရမယ်၊ နေနိုင်အောင်လဲ ဖန်တီးရမယ်။

http://www.dhammadownload.com



လူ့ဘဝရခိုက်ကိုယ့်မှာ ပျော်စရာအကောင်းဆုံး ရတနာသုံးလုံး တွေ့နေပြီဆိုတော့ ပျော်ရွှင်ချမ်းမြေ့အောင်နေတတ်ဖို့လဲ ကြိုးစားရမယ်၊ ဘာလို့တုန်းဆိုတော့ လူ့ဘဝကို စဉ်းစားကြည့်ပါ။

* လာခဲ့တုန်းက ငိုပြီးလာခဲ့ကြတာပဲ၊
* အပြန်မှာလဲ ကိုယ်ပိုင်တရားမပါရင်၊
* ငိုပြီးပြန်ရဦးမှာ၊
* မပြန်သေးခင် ကိုယ်ပိုင်တရား လက်လွတ်နေရင်၊
* စိတ်ထဲက ငိုလိုက်၊ နှုတ်က ထုတ်ငိုလိုက်နဲ့၊
* အပူနဲ့ပဲ အချိန်ကုန်နေကြရင်
* လူ့ဘဝဟာ ဘာမှအဓိပ္ပါယ်ရှိမှာ မဟုတ်ပါဘူး။

အလာတုန်းကလဲငို အပြန်လဲငိုပြီးပြန်၊ မပြန်သေးခင်လဲ ငိုနေရတယ်ဆိုရင်၊ လူ့ဘဝဟာ အဓိပ္ပါယ်မရှိပါဘူး၊ ဒါကြောင့် လာတုန်းက မသိလို့ ငိုတာထားပေါ့၊ အပြန်မှာ ဒို့တော့ မငိုတော့ဘူး၊ လောကမှာ အားအကောင်းဆုံး ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ရတနာသုံးပါး ဒို့ တွေ့ထားပြီလို့ ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်းပြ၍၊ ကိုယ်ပိုင်

http://www.dhammadownload.com



တရား စွမ်းအားများကို (ဘယ်အလုပ်ပဲလုပ်လုပ်) အလုပ်ထဲမှာ ကိုယ့်အတွက် တရားရလဒ်တစ်ခု တော့ ပါရမယ်ဆိုတဲ့ ဉာဏ်အမြင် ကြည်လင်စွာဖြင့် သတိ, ဝိရိယ တွဲ၍ ရအောင်ယူကြရမှာပါ။

ဒါကြောင့် ပစ္စုပ္ပန်မှာ ဘယ်အာရုံနဲ့ တွေ့တွေ့၊ တွေ့သမျှအာရုံနဲ့ အဆင်ပြေအောင်၊ တည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာ နေတတ်ရမယ်၊ ကမ္ဘာမှာအချမ်းသာဆုံးလူ ဘယ်သူလဲ ဆိုရင်၊ ကိုယ့်ဝန် ကိုယ်ထမ်း လူ့အစွမ်းပြနိုင်တဲ့ တရားစွမ်းအားပိုင်ရှင်များသာ ကမ္ဘာ့အချမ်းသာဆုံးလူများ ဖြစ်တယ်။

အဲသလိုဆိုရင် ယခု အလုပ်သမားဝန်ကြီးနှင့်တကွ အားလုံးသောမိသားစုတွေ သာသနာတော်မြတ်ကြီးနဲ့ တွေ့နေကြတော့ ကမ္ဘာ့အချမ်းသာဆုံးလူဆိုတဲ့ အဆင့်မြင့် စွမ်းအားများကို ရအောင်ယူနေကြတာပဲ။

http://www.dhammadownload.com

# နာမည်ကောင်းကျန်ရစ်ရမယ်

(၂) မိမိရဲ့ ကိုယ်အားဉာဏ်အား ပစ္စည်းအားတွေဖြင့် မိမိ, သူတစ်ပါး, လောက, သာသနာ, စွမ်းနိုင်ရာဘက်မှ သဒ္ဓါ၊ ပညာ၊ မေတ္တာအားတွေဖြင့် လှပတင့်တယ် ထည်ဝါခန့်ညား ကျက်သရေရှိ အောင် အလှတန်ဆာ ဆင်ပေးနိုင်ရမယ်။

ကောင်းကျိုးပြု ဘဝမှတ်တိုင် စိုက်ထူနိုင်ရမယ်၊ နာမည်ကောင်း ကျန်ရစ်ရမယ်။

လူတစ်ယောက် နာမည်ပျက်ဖို့ လွယ်လွယ်လေးရယ်၊ စေတနာအထားအသို မှားသွားတာနဲ့ ကောင်းဂုဏ်တွေ ချို့ယွင်းသွားတာနဲ့၊ စေတနာမှား အလုပ်မှားသွားရင် လူတစ်ယောက်

http://www.dhammadownload.com



နာမည်ပျက်ဖို့လွယ် တယ်၊ နာမည်ကောင်းကျန်ဖို့ မနည်းကြိုးစားရပါတယ်။

စေတနာကြီးကြပ်ကွပ်ကဲရေးအဖွဲ့က ကြီးကြပ်ကွပ်ကဲ ထိန်း သိမ်းတော့မှ လမ်းမှန်အတိုင်း ဖြောင့်တန်းစွာ ကြိုးစားအားထုတ်နိုင်သူဟာ၊ ကောင်းကျိုးပြုဘဝမှတ်တိုင် စိုက်ထူနိုင်တယ်၊ နာမည်ကောင်း ကျန်တယ်။

http://www.dhammadownload.com

# ကိုယ့်ဝန်ကိုယ်ထမ်း
# လူ့အစွမ်းပြနိုင်သူ

(၃) ဘဝကူး စိတ်အေးရမယ်။

ဘဝဆိုတာ ကန့်သတ်ချိန်စေ့ရင် ကူးကြရမှာပေါ့၊ အဝိဇ္ဇာ, တဏှာ, သံသရာကြိုးနှစ်ချောင်း မပြတ်သေးရင်၊ ဘဝသံသရာ ကူးပြောင်းကြရဦးမှာပဲ၊ ကူးပြောင်းနိုင်ဖို့ အာမခံကလဲ နောက်ဆုံးတော့ ကိုယ်ဝန်ကိုယ်ထမ်း လူ့အစွမ်းပြပြီးတော့ ပေါ်လာတဲ့ ဒါန၊ သီလ၊ သမာဓိ၊ ပညာ၊ ဒီတရားတွေကသာ အာမခံ တာဝန်ယူကြမှာပါ။

* ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာအောင်၊ တရားဆောင်၊ အမှောင်ကင်းရမည်။
* ကိုယ်အားဉာဏ်အား၊ ပစ္စည်းအား၊ အများလှအောင် ဆင်ရမည်။
* ဘဝကူးရေး၊ အပူဝေး၊ စိတ်အေးနိုင်ရမည်။

http://www.dhammadownload.com



* တရားသုံးပါး၊ လူ့စွမ်းအား၊ ခန့်ညား ထည်ဝါသည်။
* ကိုယ့်ဝန်ကိုယ်ထမ်း၊ လူ့အစွမ်း၊ ချီးမွမ်း ထိုက်ပေသည်။

လူ့ဘဝရလဒ်သုံးခုပေါ်ပြီဆိုရင်တော့ ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်းကို တကယ်ပြ နိုင်တဲ့သူ ဖြစ်သွားပါပြီ။

ဒါကြောင့် ပညာယ၊ ဟိုတွေးသည်တွေး ကင်းစင်ဝေး၍၊ အတွေးမှန်ကန် အသိဉာဏ်ဆို သော ပညာတရားဖြင့် ပရိသုဇ္ဈတိ၊ ကိုယ့်ဝန် ကိုယ်ထမ်းလူ့အစွမ်းဟု ချီးမွမ်းဖွယ်ရာ၊ ကောင်းစွာ မသွေ သန့်ရှင်းရပါပေတော့သတည်း။

## အသိပညာနှင့် ဘဝကို လမ်းရှင်းတတ်သော ကိုဉာဏ်ထူး

ဘုရားလက်ထက်တုန်းက သာဝတ္ထိမြို့မှာ ပသေနဒီကောသလ မင်းကြီးထံမှာ မင်းမှုထမ်းတဲ့ ဝန်ထမ်းကောင်းတစ်ယောက် ရှိခဲ့ဖူးပါတယ်။

http://www.dhammadownload.com



သူ့ရဲ့နာမည်က မြန်မာလိုတော့ ကိုဉာဏ်ထူးလို့ ခေါ်ရမှာပါ၊ ပညာယပရိသုဒ္ဓတိ၊ အသိပညာနဲ့ဘဝကို (ရှင်းရှင်းလေး) လမ်းရှင်းနေတတ်သူ၊ ဘယ်အလုပ်မဆို အသိပညာနဲ့ (ရှင်းရှင်းလေး) လုပ်တတ်သူ၊ ဘယ်သူ့ကိုပဲတွေ့တွေ့ အမြင်ရှင်းရှင်းလေးနဲ့ ကူညီဆောင်ရွက် စွမ်းဆောင်ပေးနိုင်သူ တစ်ယောက်ဖြစ်လို့ ကိုဉာဏ်ထူးလို့ မြန်မာလိုခေါ်ရမယ့် ဝန်ထမ်းကောင်း တစ်ယောက်ပါ။

သူဟာ တရားကိုလဲ မကြာမကြာ နာခွင့်ရတော့ တရားသုတ ရှိတယ်၊ တရားသုတရှိတော့ တရားမျက်လုံးကောင်းတယ်ပေါ့၊ တရားမျက်လုံးကောင်းတော့ တရားယန္တရားလေးချက်(သူ့မှာ) အပြည့်တပ်ဆင်ခွင့်ရနေပါတယ်။

တရားကျေးဇူးပြု ခံရသူဟာ တစ်ပမ်းသာနေပါတယ်၊ တရားကျေးဇူးပြု မခံရသူဟာ တစ်ပမ်းရှုံးနေတတ်ပါတယ်။

တရားနာကြားခွင့်ရပြီး တရားသုတရှိတော့ ဘဝကို စံနစ်တကျ သုံးတတ်တယ်၊ လုပ်ပိုင်ခွင့်တွေကို အကွက်စေ့အောင် တရားပုံစံနဲ့ ဆောင်

http://www.dhammadownload.com



ရှက်အားထုတ်တတ်တယ်၊ ပစ္စည်းတွေကို ဖြုန်းတီးမှုဘက် မရောက်စေပဲ၊ ထိန်းသိမ်းပြီးတော့ အဖိုးတန်အောင် သုံးတတ်တယ်။

## ကိုညာဏ်ထူး၏ နေ့စဉ်ဆောင်ရွက်ချက်

နေ့တိုင်းနေ့တိုင်း သူရဲ့စွမ်းဆောင်ချက်ကလေးက မနက် အိပ်ရာက ထလာပြီဆိုတဲ့အခါ ဘယ်အလုပ်တွေ ဘယ်လောက် အရေးကြီးတယ်လို့ ပြောပြော၊ စိတ်သန့်စင်တဲ့စက်လို့ တင်စားခေါ်ရမယ့်၊ ဘုရားအာရုံ၊ တရားအာရုံ၊ စိတ်သန့်စင်တဲ့ လုပ်ငန်းအာရုံထဲမှာ စိတ်ကို နေ့စဉ်ပုံမှန် ထည့်တယ်။

ဒီနေ့တော့ မအားတာနဲ့ ဘုရားမရှိခိုးလိုက်ရဘူးဆိုတာ ကိုညာဏ်ထူးအဖို့ တစ်ရက်မှ မရှိဘူး၊ ဒီနေ့ မအားတာနဲ့ မေတ္တာမပို့ လိုက်ရဘူးဆိုတာ ကိုညာဏ်ထူးတစ်ရက်မှ မရှိဘူး၊ ဒီနေ့ အလုပ်တွေ

http://www.dhammadownload.com



များတာနဲ့ သရဏဂုံသီလမဆောက်တည် လိုက်ရဘူးဆိုတာ တစ်ရက်မှ မရှိဘူး၊ ဒီနေ့ အလုပ်တွေများလွန်းလို့ ခန္ဓာဉာဏ်စိုက် ဝိပဿနာ မပွားလိုက်ရ၊ နှလုံးမသွင်းလိုက်ရဘူးဆိုတာ တစ်ရက်မှ မရှိဘူး။

http://www.dhammadownload.com

# ကိုယ်ပိုင်စိတ်နဲ့ စပါတယ်

မနက်အိပ်ရာထလာပြီဆိုရင် ကိုယ်ပိုင်စိတ်နဲ့ စပါတယ်၊ ကိုယ်ပိုင်စိတ်ဆိုတာ တရားနဲ့ သန့်စင်ထားသောစိတ်များ၊ ဘုရားအာရုံ၊ တရားအာရုံ၊ ကောင်းမှုအာရုံများဖြင့် သန့်စင်ထားသောစိတ်များကို ကိုယ်ပိုင်စိတ်လို့ ခေါ်ပါတယ်။

အိပ်ရာထလာပြီဆိုတဲ့အခါ၊ ငါဒီနေ့ ဘယ်သွားရဦးမှာ၊ ဘယ်အလုပ်က ရှိသေးတာ၊ ဘယ်သူ့ထံ ဘာအလုပ်သွားလုပ်ရဦးမှာ စသည်ဖြင့် ဒရွတ်တိုက်စိတ်တွေနဲ့ စဉ်းစားလာရင် အဲဒါ သူများစိတ်တွေနဲ့ စလာပြီ။

http://www.dhammadownload.com



တစ်နေ့တာမှာတောင်ဘက် စိတ်ကူးပေါက်၊ တောင်ဘက် ထပြေးလိုက်၊ မြောက်ဘက် စိတ်ကူးပေါက်, မြောက်ဘက်ထပြေးလိုက်၊ မြောက်ဘက်အလုပ်ကတစ်ဝက်တောင် မကျိုးသေးဘူး၊ အရှေ့ဘက် စိတ်ကူးပေါက်၊ အရှေ့ဘက် ထပြေးလိုက်၊ ဘယ်အလုပ်မှ မည်မည်ရရ ရယ်လို့ တရားစွမ်းအားပေါ်အောင် မယူဖြစ်တော့ပဲ သူများရဲ့ဝန်ကို ထမ်းနေတဲ့ ပုံစံနဲ့သာ တစ်နေ့တာ အချိန်ကုန်သွားတတ်ပါတယ်။

ဒါမျိုးဟာ ကိုယ့်ဝန်ကိုယ်ထမ်း ပုံစံ မဟုတ်တော့ပဲ၊ သူများဝန်ကို ထမ်းတဲ့ပုံစံနဲ့ အချိန်ကုန်သွားတတ်ပါတယ်။

http://www.dhammadownload.com

# စိတ်သန့်စင်ထားတော့ အမြင်ရှင်းတယ်

ဦးဉာဏ်ထူးကတော့ ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်းပြမယ့် ပုဂ္ဂိုလ်တစ်ယောက်ပါ၊ ဘယ်သူ့ အလုပ်ပဲဖြစ်ဖြစ် (သူက) ကိုယ့်အလုပ် ချည်းပဲ သဘောထားပါတယ်။

စိတ်က သန့်စင်ထားတာဆိုတော့ အမြင်လဲ ရှင်းနေတာပေါ့၊ ဒါကြောင့် မနက်အိပ်ရာထလာ ပြီဆိုရင်၊ သည့်ပြင်အာရုံတွေ အသာထားလိုက်၊ ဘုရားအာရုံ၊ တရားအာရုံ၊ သတိပဋ္ဌာန်အာရုံ မေတ္တာပို့ စသည်ဖြင့် စိတ်အပန်းဖြေတဲ့အလုပ်၊

http://www.dhammadownload.com



စိတ်သန့်စင်တဲ့ အလုပ်ကို ရှေးဦးစွာ နေ့တိုင်းဦးစား ပေးပါတယ်။

မနက် အိပ်ရာထလာပြီဆိုရင် သည့်ပြင် အာရုံတွေ ရှုပ်ရှက်ခတ်ခေါင်းထဲဝင်ခွင့် မပေး ပါဘူး၊ ရှေးဦးစွာ ဘုရားအာရုံနဲ့စိတ်ကို သန့်စင် တယ်၊ သရဏဂုံသီလဆောက်တည်၊ ဘုရားဂုဏ် တော်ပွား၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ရှင်ဘုရင်ကြီးနှင့်တကွ၊ နိုင်ငံသူ နိုင်ငံသားအားလုံး ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာဖို့ မေတ္တာဓာတ် တွေ ပို့လွှတ်။

* * *

http://www.dhammadownload.com

# မေတ္တာဓာတ်တွေ လွှမ်းခြုံပေးတယ်

လုပ်ငန်းတာဝန် ထမ်းဆောင်ရမယ့် နေရာမှာတွေ့ရဆက်ဆံရမယ့် ပုဂ္ဂိုလ်တွေအားလုံး၊ အထက်ကပုဂ္ဂိုလ်တွေရော လက်အောက် ငယ်သားတွေအပေါ်ရော ရှေးဦးစွာ မေတ္တာဓာတ်တွေလွှမ်းခြုံပေး၊ မိမိတို့ နေအိမ်အတွင်းမှာရှိတဲ့ မိသားစုတွေအားလုံး ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာဖို့ မေတ္တာဓာတ်တွေ လွှမ်းခြုံပေး။

မေတ္တာမပို့တဲ့နေ့ သူ့မှာမရှိပါဘူး၊ စိတ်သန့်စင်တဲ့ ပုံစံနဲ့စေတနာကို အမြဲတမ်း သန့်စင်အောင်ထား၊ ခန္ဓာဉာဏ်စိုက် ဝိပဿနာ အလုပ်လဲ နေ့စဉ်ပုံမှန် ရှုမှတ်ပြီးတော့၊ စိတ်နဲ့အပူခွာ, ခွာပေးတယ်။

http://www.dhammadownload.com



ဒါဟာ ကိုယ့်ဝန်ကိုယ်ထမ်းနေသူပဲ၊ အလုပ်တာဝန်တွေဘယ်လောက်ပဲများများ၊ တရားအလုပ်ကတော့ တစ်ရက်မှအပျက်မခံဘူး၊ သူ့ကို မေးကြတယ်။

"ဦးဉာဏ်ထူးရယ်၊ တာဝန်တွေဒီလောက်များရဲ့သားနဲ့ ဘာဖြစ်လို့ ဘုရားအလုပ် တရားအလုပ် လုပ်ရတာလဲ" မေးတော့ -

"ကျွန်တော် အလုပ်များလွန်းလို့ လုပ်ရတာဗျ"တဲ့၊ အဖြေပေး ပုံလေးပေါ့။

http://www.dhammadownload.com

# အလုပ်များလွန်းလို့တဲ့

သူများတွေ အဖြေပေးတာက တစ်မျိုးကြီးပါ၊ ဘာဖြစ်လို့ ဘုရားမရှိခိုးတာလဲ?၊ အလုပ်များလွန်းလို့တဲ့၊ ဘာဖြစ်လို့ ဒီနေ့ မေတ္တာမပို့တာလဲ?၊ အလုပ်တွေ များနေလို့ဗျ၊ ဒီနေ့ ဘာဖြစ်လို့ တရားမထိုင်သလဲဗျ? အလုပ်တွေ များလွန်းလို့ဗျ။

တစ်ချို့ ပုဂ္ဂိုလ်များကတော့ အလုပ်များတာနဲ့ တရားအလုပ် အဆုံးရှုံးခံကြတယ်၊ ဦးဉာဏ်ထူး အဖြေပေးပုံက အလုပ်များတာနဲ့ ကျွန်တော် ဘုရားရှိခိုးရတာ၊ အလုပ်များလွန်းလို့၊ ကျွန်တော် ဘုရားဂုဏ်တော် ပွားရတာ၊ အလုပ်များလွန်းလို့ ကျွန်တော်မေတ္တာများများ ပို့ရတာဗျ၊ အလုပ်များ

http://www.dhammadownload.com



လွန်းလို့ ကျွန်တော်က ခန္ဓာဉာဏ်စိုက် ဝိပဿနာ ပွားရတာဗျ၊ (သူပြောတဲ့ စကားက အလုပ်များ တာမို့ တရားအလုပ် များများလုပ်ရတာဆိုပဲ)

များပြားလှသော သူ့တာဝန်တွေက အိမ်မှာ ဆိုလဲ မိသားစု တာဝန်၊ ဦးဉာဏ်ထူးရဲ့တာဝန်ပဲ၊ ရပ်ရွာကွက်ထဲလဲ မကင်းနိုင်ဘူး၊ သူ့အတွက်နိုင်ငံ တာဝန်လဲ အများကြီး၊ ရှင်ဘုရင့်တာဝန်ကလဲ သူ့မှာ အင်မတန်များ။

"ဒီလောက်များတဲ့ တာဝန်ကို ငါ့ဦးနှောက် တစ်ခုထဲနဲ့တော့ မဆုံးဖြတ်နိုင်ဘူး ဉာဏ်အကြီး မားဆုံး ဗုဒ္ဓထံက ဉာဏ်ဓာတ်တွေ ငါ့ခန္ဓာအတွင်း ရောက်အောင် ရှေးဦးစွာ သဒ္ဓါပညာ ပိုက်လိုင်းနဲ့ သွယ်ယူဦးမှဖြစ်မယ်၊ အားအကောင်း ဆုံးဖြစ်တဲ့ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ သုံးဖြာရတနာထံမှ ရတနာ စွမ်းအားတွေ ငါ့နှလုံးခန္ဓာအစဉ်ထဲ ရှေးဦးစွာ ဆက်သွယ်ယူဦးမယ်၊ ဒီလောက်များတဲ့အလုပ်တွေ ငါ့ဦးနှောက် တစ်ခုထဲနဲ့ဆိုရင် မဆုံးဖြတ်နိုင်ဘူး၊ မှားယွင်းနိုင်တယ်၊ တိမ်းပါး ချွတ်ချော် နိုင်တယ်။

အားအကောင်းဆုံး ရတနာထံမှ အကောင်း ဆုံးအင်အားတွေ ငါ့နှလုံးခန္ဓာကို ဆက်သွယ်

http://www.dhammadownload.com



ယူနိုင်မှသာလျှင် ဒီတာဝန်တွေမများအောင် ငါ လုပ်နိုင်မယ်၊ တာဝန်တွေ မလေးပဲနဲ့ ထမ်းနိုင်မယ်"

သူက အလုပ်တော့များတယ်၊ဒါပေမယ့် မရှုပ်ဖူးတဲ့၊ အလုပ်များတယ်, မရှုပ်ဘူး၊ အလုပ်များတယ်, မပူဘူး၊ အလုပ်များတယ်, မလေးဘူး ဘာကြောင့်လဲဆိုတော့, ကိုယ်ဝန်ကိုယ်ထမ်း လူ့အစွမ်း။

# အန္တရာယ်တွေ ကြိုတင်တွက်ဆတတ်လာတယ်

မနက် အိပ်ရာထလာပြီဆိုရင် စိတ်ကို သန့်စင်၊ စိတ်ကောင်း ထုတ်လုပ်တဲ့ စက်ထဲစိတ်ကိုထည့်ပြီးသား၊ အဲသလိုဆိုတော့ လဘ်မြင်တာပေါ့၊ အချိန်နဲ့အင်အား ဖြုန်းတီးမှုတွေ သိပ်နည်းသွားတယ်၊ အန္တရာယ်တွေ ကြိုတင်တွက်ဆတတ်လာတယ်၊ ဒါပြီးရင် ဒါလုပ်မယ်လို့ စိတ်ထဲမှာ တန်းစီပြီး ပေါ်လာတယ်။

http://www.dhammadownload.com



ဒါလေးလုပ်နေစဉ်မှာ တရားစွမ်းအား ဒီလောက်ပါအောင်လုပ်မယ်၊ ဒါလေးကို ဆောင်ရွက်နေစဉ် အချိန်ကာလမှာ တရားစွမ်းအား ဒီလောက်ပေါ်အောင် ငါအားထုတ်ပေးမယ်၊ ရလဒ်ကလဲ သူက တန်းစီမြင်ထားပြီးသား။

ဒါကြောင့် သူ့မှာ စိတ်သန့်စင်တဲ့အလုပ်နေ့စဉ်ပုံမှန်လုပ်ရ တာမို့၊ အလုပ်တော့များတယ်၊ မပူပါဘူးတဲ့၊ အလုပ်တော့များတယ်၊ မပင်ပမ်းဘူးတဲ့၊ အလုပ်တော့များတယ်၊ မရှုပ်ဘူး၊ မပူဘူး၊ မလေးဘူးတဲ့။

http://www.dhammadownload.com

## စေတနာက အကျိုးပေးမှာ

အလုပ်များတော့များတယ်၊ မပူ၊ မရှုပ်၊ မလေးဘူးဆိုတာ ကိုယ့်ဝန်လို့ သတ်မှတ်တာကိုး၊ ကိုယ့်ဝန်ကို ကိုယ့်အသိစိတ်နဲ့ ထမ်းတာပဲလို့ ပျော်စရာပုံစံနဲ့ သူက တွက်ထားတာမို့လို့၊ ဘယ်အလုပ်မှ တာဝန်လေးတယ် မရှိပါဘူး။

ဒါကြောင့် သူဟာ တရားစွမ်းအားကို လိမ်မာပါးနပ်စွာယူပြီး နေ့စဉ်ဝန်ထမ်းကောင်း ပီသစွာ ကြိုးစားအားထုတ်နေပါတယ်။

ဘယ်အလုပ်ပဲလုပ်လုပ် ဒါငါ့အလုပ် ငါ့စေတနာ ငါ့အကျိုး ပေးမှာပါ၊ ဒါလဲငါ့အလုပ်ပဲ၊ ငါ့စေတနာကောင်းဟာ ငါ့အကျိုးပေးမှာ၊

http://www.dhammadownload.com



သူလဲအကောင်းဆုံးဖြစ်ရမယ်ပေါ့၊ ငါလဲအကောင်းဆုံးစေတနာ ထားပြီးတော့ အကောင်းဆုံးတရားစွမ်းအားယူမှာပေါ့။

ဒီလိုအသိစိတ်က (တရားယန္တရားလေးချက်ရှိနေတော့) မြင်နေ တာပေါ့၊ ပေါ်နေတာပေါ့၊ ဘယ်အလုပ်ပဲလုပ်လုပ်၊ ပြီးစလွယ် ဘယ်တော့မှမလုပ်၊ ဖြစ်ကတတ်ဆန်း ဘယ်တော့မှမလုပ်၊ အချိန်စေ့ရင် ပြီးရောဆိုတဲ့ သဘောမျိုး ဘယ်တော့မှမထား၊ လုပ်ငန်းတာဝန် ကျေရင်ပြီးရောဆိုတဲ့ သဘောဘယ်တော့မှမထား။

သူ့အတွက်လဲ အကောင်းဆုံးဖြစ်အောင် မေတ္တာစေတနာထားတယ်၊ ကိုယ့်အတွက်လဲ နိဗ္ဗာန်ရောက်သည်အထိ သုံးရမယ့် တရားစွမ်းအားများကို အကောင်းဆုံးသိမ်းဆည်းပြီး ပြုလုပ်အားထုတ်ပါတယ်။

http://www.dhammadownload.com

## ငါ့ကြောင့်ဘယ်သူမှ မပူရဘူး

ဒါကြောင့်မို့ သူ့ဘဝဟာအလုပ်တွေ များပေမယ့် ပူလောင် လေးလံ ရှုပ်ထွေးခြင်းမရှိ၊ ပြီးတော့ သူ့ခံယူချက်ကလေးက–

* ငါ့ကြောင့် ဘယ်သူမှ မပူရဘူး၊
* ဘယ်သူ့ကြောင့်မှလဲ ငါအပူမခံနိုင်ဘူး၊
* ငါ့ကြောင့် ဘယ်သူမှ မရှုပ်စေရဘူး၊
* ဘယ်သူ့ကြောင့်မှလဲ ငါအရှုပ်မခံနိုင်ဘူး၊
* ငါ့ကြောင့် ဘယ်သူမှ ဒုက္ခမရောက်စေရဘူး၊
* ဘယ်သူ့ကြောင့်မှလဲ ငါဒုက္ခ အရောက်မခံနိုင်ဘူး၊

http://www.dhammadownload.com



စသည်ဖြင့် စိတ်သန့်စင်တဲ့စက်ထဲ စိတ်ကို ထည့်ပြီး ရှင်းထားတော့ ဘဝခရီးမှာ ကိုဉာဏ်ထူးတို့များ၊ ပြုံးပြုံး,ပြုံးပြုံးနဲ့။

အလုပ်များလို့ မျက်နှာညှိုးငယ်နေတာ ဘယ်တော့မှမရှိ၊ အလုပ် တွေပင်ပမ်းလို့ လူညှိုးနေတာ၊ မျက်နှာရှုံ့မဲ့နေတာ ဘယ်အခါမှမရှိ၊ ကြည့်လိုက်တဲ့အချိန်တိုင်း ကြည်ကြည်လင်လင် အေးအေးချမ်းချမ်းနဲ့။

သူက မေတ္တာတွေ ဒီလောက်ဖြန့်ထားမှတော့ အထက်ကပုဂ္ဂိုလ်တွေရော၊ လက်အောက်ငယ်သားတွေကရော၊ အကုန်လုံး မေတ္တာနဲ့တုံ့ပြန်နေကြတာ၊ ဒါကြောင့် အင်မတန်အေးချမ်းတယ်၊ ပတ်ဝန်းကျင်ကလဲ အင်မတန် ချစ်ခင်လေးစားကြတယ်။

http://www.dhammadownload.com

# ပြန်ပြင်ရတယ် ဘယ်တော့မှမရှိဘူး

အထူးအားဖြင့်တော့ ရှင်ဘုရင် ပသေနဒီကောသလမင်းကြီး ကဆိုရင် ကိုညဏ်ထူးကို သိပ်အားကိုးတာပေါ့၊ သူ့ကိုများ ခိုင်းလိုက်ရင် ရက်ချိန်းအတိအကျရတယ်၊ လိုချင်တဲ့လုပ်ငန်း ပုံစံအတိအကျရတယ်၊ ပြန်ပြင်ရတယ် ဘယ်တော့မှမရှိဘူး၊ လိုနေသေးလို့ ဖြည့်စွက်ရတယ် ဘယ်တော့မှ မရှိဘူး၊ တစ်ခါပဲခိုင်းရတယ်။

ဟော့ ဒီမှာ ညဏ်ထူး ဒီပုံစံနဲ့ ဒီနေ့ပြီးအောင် လုပ်ကွာ"

"ကောင်းပါပြီဘုရင်မင်းတရား"

ရက်ချိန်းလဲအတိအကျရတယ်၊ လိုချင်တဲ့ ပုံစံလဲအတိအကျရတယ်၊ တစ်ခါလဲမဟုတ်၊

http://www.dhammadownload.com



နှစ်ခါလဲမဟုတ်၊ ခိုင်းလိုက်သမျှ အင်မတန် တိကျလွန်းလို့၊ ကိုဉာဏ်ထူးကလဲ ကိုယ့်ဝန်ကိုယ်ထမ်းလူ့အစွမ်း ပြတာကိုး။

"အို- ဒါကလဲ ငါ့အလုပ်ပါ၊ ငါ့စေတနာ ငါ့အကျိုးပေးမှာ ငါ့စိတ်ကောင်းကြောင့် ဘုရင်မင်းတရားကြီး ချမ်းသာပါစေ၊ အကုန်လုံး လိုရာဆန္ဒပြည့်ဝပါစေ"လို့ သဘောထားတယ်။

ဒီပြင်ပုဂ္ဂိုလ်ရဲ့ လုပ်ငန်းတာဝန်ကိစ္စ ဆောင်ရွက်လဲဒီအတိုင်းပဲ၊ စေတနာဟာ တစ်ပုံစံထဲပဲထားတယ်၊ ဒါကြောင့်မို့ သူလုပ်သမျှ အလုပ်တွေဟာ မှားယွင်းတယ်ဆိုတာ အင်မတန်နည်းတယ်၊ တိမ်းပါး ချွတ်ချော်မှုအင်မတန်နည်းတယ်။

အထူးအားဖြင့် ရှင်ဘုရင်ကြီးက သိပ်သဘောကျတယ်" ဉာဏ်ထူးများ ခိုင်းလိုက်ရတယ် သေချာတာကိုး"ဆိုပြီး အင်မတန် သဘောကျလွန်းလို့ ရာထူးတွေ တိုးပေးလိုက်ပါတယ်၊ လခရိက္ခာတွေ ချီးမြှောက်မှုတွေ အများကြီး တိုးမြှင့်ပေးလိုက်ပါတယ်၊ အရာရှိကြီး ဦးဉာဏ်ထူးရယ်လို့ ဖြစ်သွားပါတယ်။

http://www.dhammadownload.com

# အမြင်တိမ်းစောင်းကုန်ကြတယ်

အဲဒါကို လုပ်ဖော်ကိုင်ဖက်တွေက မျက်မွေးစူးကုန်ကြပါတယ်၊ "ဝန်ထမ်းချင်း တူရဲ့သားနဲ့၊ ဦးဉာဏ်ထူးတော့ ချီးမြှောက်တယ်၊ ဒို့တော့မချီးမြှောက်ဖူး"လို့ အမြင်တိမ်းစောင်းကုန်ကြပါတယ်။

အမြင်တိမ်းစောင်းလို့ ရှင်ဘုရင်နဲ့ ကိုဉာဏ်ထူးကွဲအောင် ယုတ္တိမျိုးစုံပြ ကုန်းတိုက်ကြပါတော့တယ်။

ကုန်းတိုက်ဖန်များတော့ ရှင်ဘုရင်ကြီးကလဲယုံသွား၊ အမှတ်တမဲ့ ဖြစ်ပြီး မစစ်ဆေးမိ၊ စဉ်းစားနိုင်းချိန်မှုသတိတွေလွတ်ပြီးတော့ ချက်ချင်း

http://www.dhammadownload.com



ဒေါ်သအမျက်ချောင်းချောင်းထွက်၊ တာဝန်ရှိသူတွေကို ချက်ချင်းခေါ်။

"ကဲ-သွားကြ၊ ဉာဏ်ထူးကို ချက်ချင်းအလုပ်လဲဖြုတ်လိုက်ကြ၊ ဖမ်းချုပ်ပြီးချက်ချင်းထောင်ထဲပို့လိုက်ကြ" အလုပ်ဖြုတ်ခံရတယ်၊ ထောင်လဲကျသွားတယ်။

http://www.dhammadownload.com

# လောကဓံသည် တွန်းအားတစ်ခုပါ

သို့သော် လောကမှာ လောကဓံကို အထင်မသေးပါနဲ့၊ ကိုယ့်ဝန်ကိုယ်ထမ်းလူ့အစွမ်း ပုဂ္ဂိုလ်များအတွက် လောကဓံသည် တွန်းအား တစ်ခုပါ၊ တရားစွမ်းအားမရှိသူများအတွက်ဆိုရင်၊ လောကဓံသည် ကိုယ့်ကို အောက်ကိုလဲသွားအောင် တွန်းချတတ်ပါတယ်။

ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်းပိုင်ရှင်များကတော့ လောကဓံသည် ကိုယ့်ကိုအပေါ်ကို တွန်းတင်ပေးမှာပါ၊ ကိုဉာဏ်ထူး အလုပ်လဲ ပြုတ်တယ်၊ ထောင်လဲကျတယ် မျက်နှာတောင်မပျက်၊

http://www.dhammadownload.com



အများကိစ္စကို မေတ္တာစေတနာနဲ့ ဆောင်ရွက်နေစဉ်တုန်းကမျက်နှာ အတိုင်းပဲ။

စဉ်းစားပေါ့၊ တရားမရှိရင် ဒီလိုမျက်နှာဘယ်ထားနိုင်မှာတုန်း၊ ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်းပုံစံနဲ့၊ "အို ဒါလဲ ငါ့အလုပ်ပါ၊ ငါ့စေတနာငါအကျိုးပေးမှာ၊ ရောက်တဲ့နေရာ ကိုယ့်အလုပ်၊ တွေ့တဲ့လူ ကိုယ့်ဆွေမျိုး၊ လုပ်ရတဲ့အလုပ်ကိုယ့်အလုပ်ပဲ"လို့ စစ်မှန်တဲ့ စေတနာနဲ့လုပ်ခဲ့တာ။

အဲဒီတုန်းက မျက်နှာအတိုင်းပဲ၊ အကျဉ်းထောင်ထဲနေလဲ မျက်နှာမပြောင်း၊ တိုတိုတုတ်တုတ်ပြောလိုက်တော့ မေတ္တာဓာတ်ကို အထူးပို့လွှတ်တယ်။

http://www.dhammadownload.com

# ငါဆင်းရဲတာ ငါကြောင့်

"အို ဗဟိဒ္ဓ အဆင်မပြေရင်၊ အဖျော်အအင်အားများများ သုံးရတာပေါ့ဗျာ" တဲ့ ပြုံးပြုံးလေးရယ်။

"ကမ္ဘာမှာ အားအကောင်းဆုံး ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ရတနာသုံးလုံး ကိုယ့်မှာ ရထားတာ၊ တစ်သက်သုံးလို့ မကုန်နိုင်တဲ့ အင်အားကြီးပဲ နိဗ္ဗာန်ရောက်သည်အထိ သုံးလို့ မကုန်နိုင်တဲ့ အင်အားကြီး ကိုယ့်ရထားတာ၊ ဘာပူဖို့ လိုသေးလဲဗျ"တဲ့။

နေ့စဉ်လေ့ကျင့် ထားခဲ့တဲ့အင်အားတွေက ဒီမှာအစွမ်းပြလာတယ်၊ အဲဒါနဲ့ ရှင်ဘုရင်ကြီးကိုလဲ သတိနဲ့ပုံဖော်၊ ကောင်းကွက်တွေကို မြင်အောင် ကြည့် ပြုံးကွက်လေးတွေဖော် လှိုက်လှိုက်လှဲလှဲ မေတ္တာပို့တယ်။

http://www.dhammadownload.com



"ကျေးဇူးရှင်ကြီးချမ်းသာပါစေ"လို့ မေတ္တာပို့တယ်၊ အောင်မြင်ပါတယ်၊ လုပ်ဖော်ကိုင်ဘက်တွေ၊ သူ့ကိုအလဲထိုးလိုက်တဲ့ ပုဂ္ဂိုလ်တွေ တစ်ယောက်မကျန်၊ မေတ္တာဓာတ်ပို့လွှတ်ပေးပါတယ်၊ ကောင်းကွက် ကလေးတွေရှာ၊ ပြုံးကွက်လေးတွေ ချမ်းသာကွက်လေးတွေဖမ်းပြီး မေတ္တာပို့၊ အောင်မြင်ပါတယ်။

မေတ္တာသမာဓိကို အခြေခံခံ၊ ခန္ဓာဉာဏ်စိုက် ဝိပဿနာ ဆက်ပွား၊ ဝိပဿနာ ပွားတယ်ဆိုတာ၊ ကိုယ့်ဟာကိုယ် တရားခံ လုပ်တာပါ။

* ငါဆင်းရဲတာ ငါ့ကြောင့်ပဲ၊
* ငါ့ခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာ ဆူးထုပ်ကြီးပဲ၊
* ဆူးထုပ်ကြီးမို့ ဆူးစူးတာပဲ၊
* ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး၊
* ငါ့ကြောင့် ဆင်းရဲတာ။

အဲသလို အသိတရားနဲ့ ဖြေလိုက်တော့ ရှင်းသွားရော။

http://www.dhammadownload.com

# အကျဉ်းထောင်ကို သာသနာ့ရိပ်သာဖြစ်စေတယ်

အဲဒါနဲ့ ဝိပဿနာဆက်ပွားလိုက်တာ၊ တိုတိုပြောလိုက်တော့ ဝိပဿနာဉာဏ်ရင့်၊ သောတာပန်ဖြစ်သွားတယ်၊ ထောင်ကျတာတောင် သောတာပန်ဖြစ်သတဲ့၊ အကျဉ်းထောင်ကို တရားရိပ်သာဖြစ်အောင် လုပ်နိုင်လောက်အောင် စွမ်းတယ်၊ ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်း ဆိုတာ ဒါပေါ့။

"ငါ့အလုပ်တော့ မျက်ခြည်ပြတ်မခံနိုင်ဘူးလေ၊ ငါစေတနာနဲ့ ဆောင်ရွက်နေကျ

http://www.dhammadownload.com



ကောင်းမှုကတော့၊ သာသနာ့အလင်းရောင် အောက် ရောက်နေတာမို့၊ လက်မလွှတ်နိုင်ဘူး”လို့ ကြိုးစားလိုက်တာ၊ သောတာပန်ဖြစ်၊ မေတ္တာစွမ်း အားကြောင့် မနေနိုင်ပဲ၊ ရှင်ဘုရင်ကြီးက ချက်ချင်း အလွှတ်ခိုင်းရတယ်၊ ခေါ်ပြီး တောင်းပန်ရတယ်။

ခါတိုင်းထက်ရာထူးတွေအများကြီး တင် ပေးတယ်၊ ခါတိုင်းထက် လခရိက္ခာတွေ အများကြီး တိုးပေးလိုက်တယ်၊ ဉာဏ်ထူးမှဉာဏ်ထူး၊ အသည်းစွဲ ဖြစ်သွားသတဲ့။

လုပ်ဖော်ကိုင်ဘက်တွေကလဲ တစ်ယောက် မကျန်၊ အကုန်လုံးလာတောင်းပန်ရတယ်၊ ဒါကြောင့် လောကစံအထင်မသေးနဲ့၊ လောကစံ ကြောင့်တက်သွားတာ၊ သောတာပန်လဲဖြစ်သေး တယ်၊ ခါတိုင်းထက်တောင် ရှင်ဘုရင်က ချစ်ခင် မြတ်နိုးသွားသေးတယ်၊ ရာထူးလဲ အများကြီး တက်သွားသေးတယ်၊ လောကီရော လောကုတ္တရာ ရော ဘက်စုံတက်သွားတာ၊ အဲဒါ ကိုယ့်ဝန် ကိုယ်ထမ်း လူ့အစွမ်းပဲ။

အဲသလိုဆို ပရိသတ်အပေါင်း သူတော် ကောင်းတွေမှာ သာသနာစွမ်းအား ရပြီးနေကြ

http://www.dhammadownload.com



တော့ ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်း၊ ပစ္စုပ္ပန်လဲ အလှဆင်၊ သံသရာနောင်ရေးအတွက်လဲ စိတ်အေးရ၊ ဘယ်မျက်လုံးနဲ့ကြည့်ကြည့်၊ တရားစွမ်းအားဆိုတာ အင်မတန်မှ အဖိုးတန်ပါတယ်။

ဒါကြောင့် ကတပုညတံ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသည်၏အဖြစ်ကို ကတပုညတံ ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်းကြောင့်၊ ချီးမွမ်းဖွယ်ရာ၊ ကောင်းစွာပွားတိုးလူ့တန်ခိုးကို၊ ပဏ္ဍိတာ၊ ဘုရားအစရှိသော ပညာရှိသူတောင်ကောင်းတို့သည်၊ ပသံသန္တိ၊ ကောင်းစွာမသွေ၊ ချီးမွမ်းတော်မူကြလေကုန်သတည်း။

ဤသို့လျှင် ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်းတရား ကြားနာကြရတဲ့ ဓမ္မသဝနမင်္ဂလာနှင့် ကောင်းမှုစွမ်းအား မြတ်တရားတွေကြောင့်၊ ဘေးရန်အပူခပ်သိမ်းလွတ်ငြိမ်းကြ၍၊ကောင်းကျိုးချမ်းသာများတိုးတက်ပြည့်စုံကြပြီးလျှင်၊ သူတော်ကောင်းတရား တိုးပွားအောင် ကြိုးစားနိုင်လွယ်ကြလျက် တစ်ဘဝလုံး တရားစွမ်းအားဖြင့် တည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာ နေနိုင်ကြပြီးလျှင်၊ ဆင်းရဲခပ်သိမ်း လွတ်ငြိမ်းရာ၊ အသခ်တ

http://www.dhammadownload.com



ဓာတ် နိဗ္ဗာန်မြတ်ကို လွယ်ကူသောအကျင့် လျှင်မြန်သောအသိဉာဏ်ဖြင့် အရဟတ္တဖိုလ် ပေါက် မျက်မှောက်ပြုလွယ် ရလွယ်နိုင်ကြပါစေ ကုန်သတည်း။

http://www.dhammadownload.com

# စိတ်ကောင်းထားက
# မိတ်ကောင်းရ

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
(ယော) ဆရာတော်

*(သာသနာတော်နှစ် ၂၅၄၁ ခု ကောဇာသက္ကရာဇ် ၁၃၅၉ ခုနှစ် တပို့တွဲလဆန်း (၃)ရက်၊ ၁၉၉၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက် သောကြာနေ့တွင် ပဲခူးမြို့ကျက်သရေဆောင် သာသနာ့ဗိမာန် တော်ကြီး၌ ပဲခူးမြို့ ဝိနယတံခွန် ပရိယတ္တိ ပူဇာနက္ခပါအသင်းကြီး၏ ၅၃ ကြိမ်မြောက် ကျင်းပအပ်သော ပဲခူးတိုင်း ရှိမြို့နယ် ဝိနယတံခွန် ပရိယတ္တိအခြေပြု စာမေးပွဲကြီးတွင် ဖြေဆို အောင်မြင်တော်မူကြသော သာသနာ့အာဇာနည်*

http://www.dhammadownload.com



အရှင်မြတ်တို့အား သာသနာ့ဂုဏ်အရှိန်မြှင့် ဆောင်ဆုနှင်းကာ ချီးကျူးဂုဏ်ပြုပူဇော်ကြသော သာသနာ့နုဂ္ဂဟ၊ သာသနာ့ပူဇော ကောင်းမှုပွဲကြီး ကျင်းပပြုလုပ်အားထုတ်ကြရာတွင် အနုမောဒနာ တရားအဖြစ်ဖြင့်၊ အမှတ်ရဖွယ်အဖြစ်ဖြင့်၊ ဓမ္မဒါန၊ ဓမ္မ လက်ဆောင်အဖြစ်ဖြင့် ဟောကြားအပ်သော တရားတော်ဖြစ်သည်။

http://www.dhammadownload.com

# ပိုက်ဆံပေါ်တိုင်း သာသနာနေလို့မရ

သာသနာမှာစိတ်ကောင်းထားသူတွေ အများကြီးလိုပါတယ်၊ သာသနာသည် စိတ်ကောင်းထားသူတို့ လက်ထဲ၌သာနေပါတယ်၊ ပိုက်ဆံပေါတိုင်း သာသနာနေလို့မရပါဘူး၊ ပစ္စည်းပေါတိုင်း သာသနာနေလို့မရပါဘူး၊ လောကီပညာတွေ လျှမ်းလျှမ်းတောက် တတ်တိုင်းလဲ သာသနာ ဝင်ရောက်ခိုလှုံလို့ မရပါ။

ဗုဒ္ဓသာသနာသည် စိတ်ကောင်းရှိသူတို့၏ သန္တာန်မှာသာ ခိုအောင်း၍ နေနိုင်သော အံ့ဖွယ်စွမ်းအားပါ၊ ဒါကြောင့် ယခုစိတ်ကောင်း ပိုင်ရှင်တွေ ပေါင်းစုပြီးတော့မှ ကျင်းပပြုလုပ်တဲ့ သာသနာ့

http://www.dhammadownload.com



နဂ္ဂဟာပူဇာပွဲကြီးမှာ စိတ်ကောင်းထားက မိတ်ကောင်းရဆိုတဲ့ တရားအာရုံ ပြုကြမယ်။

သယံကတာနိ ပုညနိ တံ မိတ္တံသမ္ပရာယိကံ

သယံကတာနိ၊ ကိုယ်တိုင်ကြိုးစား၊ စွမ်းအားကိုထုတ် ပြုလုပ်အပ် ကုန်သော၊ ပုညာနိ၊ ကောင်းမှုစွမ်းအား မြတ်တရားတို့သည်၊ သန္တိ၊ ကောင်းစွာမသေ့ ရှိကြပါပေကုန်၏။

တံ၊ ထိုကောင်းမှု စွမ်းအားမြတ်တရားသည် သမ္ပရာယိကံ၊ တမလွန်ဘဝ နိဗ္ဗာန်ကျအောင် သယ်ဆောင်၍ သွားနိုင်သော၊ မိတ္တံ၊ ဘယ်သော အခါမှ သစ္စာမဖောက်သော၊ မိတ်ကောင်းဆွေကောင်း ဆွေမျိုးကောင်းတည်း၊ ဟောတိ၊ စိတ်ကောင်းထားက, မိတ်ကောင်းရကာ ကောင်းစွာမသေ့ ဖြစ်ရပါပေသတည်း။

http://www.dhammadownload.com

# စိတ်ကောင်းသည် လောကမှာအကြီးမားဆုံးအင်အား

မိတ်ဆွေဆိုတာ ကိုယ်ရဲ့စိတ်ကောင်း ကြောင့်ပေါ်လာသော ကောင်းမှုစွမ်းအား ဖြစ်တယ်၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို စောင့်ရှောက် တော့လဲ၊ စိတ်ကောင်းတွေနဲ့ပဲ ဝိုင်းပြီးစောင့်ရှောက် ကြ ရတယ်၊ ချီးမြှောက်ကြရတယ်၊ အားပေးကြ ရတယ်၊ စိတ်ကောင်းသည် လောကမှာ အကြီး မားဆုံးသော အင်အားပါ။

ဘုရားအလောင်းစိတ်ကောင်းထားခဲ့လို့ လောကမှာ အမြင့်မြတ်ဆုံးသော ဘုရားလို့ ဖြစ် လာရတာပါ၊ သာမန်ပုထုဇဉ်တွေရဲ့ ဖြစ်ရိုး ဖြစ်စဉ်

http://www.dhammadownload.com



စိတ်ထက်၊ ထူးထူးခြားခြား မြင့်မားစွာနဲ့ စိတ်ကောင်းတွေ ဖော်ထုတ်ကြိုးစားခဲ့လို့ (ဘုရားအလောင်း စိတ်ကောင်းထားခဲ့လို့) လောကမှာ အထူးချွန်ဆုံးသော၊ အမြင့်မားဆုံးသော၊ သဗ္ဗညုတ အနန္တ အရိပ်ခိုလှုံလို့၊ စွမ်းအားကိုယူလို့ မကုန်နိုင်လောက်အောင် စွမ်းအားတော် အနန္တ ရဲ့ တည်ရှိရာ ဗုဒ္ဓရတနာပေါ်ပေါက်လာရတာ၊ စိတ်ကောင်းကြောင့်ပေါ်ပေါက်လာရတာ။

ဘုရားသာသနာက စိတ်ကောင်းကြောင့်ပေါ်လာတာ၊ သာသနာမပျောက်အောင်လဲ စိတ်ကောင်းနဲ့ပဲ ထိန်းထားရကြတာ၊ ကိုယ့်ရဲ့ ကိုယ်ပိုင်စွမ်းအားဆိုတာလဲ စိတ်ကောင်းတွေနဲ့ပဲ ဖော်ထုတ်ပြီးတော့ ယူကြရတာ။

မိတ်ဆွေကောင်းဆိုတာ အဖျုတ္တစိတ်ကောင်းကြောင့် ပေါ်လာ သောကောင်းမှုတရား၊ ကိုယ့်ကို ခြိမ်းချောက်နေသော အန္တရာယ်တွေကရှိတော့ ကိုယ့်သန္တာန်မှာလဲ ကုသိုလ်မိတ်ဆွေကောင်းဆိုတာ အများကြီးရသလောက်ယူကြရမှာ။

http://www.dhammadownload.com

# အပါယ်ကိုတွန်းချတာ ကိုယ့်ရဲ့မကောင်းတဲ့စိတ်

ကိုယ့်ကို ခြိမ်းခြောက်နေသော အန္တရာယ်က အတိုချုပ် ငါးမျိုးရှိတယ်၊

**(၁) ကိုယ့်ကို ကိုယ်ခြောက်၊ အလွန်ကြောက်၊ မှတ်လောက် ကြောက်စရာ၊**

တရားမလုံလောက်ရင် ကိုယ့်ဟာကိုယ်ရန်ဖြစ်နေတာပဲ၊ ကိုယ့်ဟာကိုယ်လဲ ရန်သူကြီးပါလား၊ လောကမှာ မုန်းစရာ အကောင်းဆုံးသတ္တဝါ ရှာစမ်းကြည့်ပါ၊ မိမိကိုယ်သာ မုန်းစရာ အကောင်းဆုံး။

အပါယ်ချတာ သူများချတာမှ မဟုတ်ပဲ၊ ကိုယ့်ဟာကိုယ်ချတာ၊ ဗဟိဒ္ဓရန်သူကိုယ့်ကို

http://www.dhammadownload.com



ဘယ်လောက်မုန်းတယ်ပြောပြော သူတို့ကိုယ့်ကို အပါယ်တွန်းချခြင်းငှာ မစွမ်းနိုင်ကြဘူး၊ ကိုယ့်ရဲ့ မကောင်းတဲ့စိတ် မိုက်စိတ်ရိုင်းကြောင့် ပေါ်လာသောအပူအခိုးအငွေ့တွေက တွန်းချလို့ အပါယ်ကျရတာ။

လောကမှာ မုန်းစရာအကောင်းဆုံး၊ ကြောက်စရာအကောင်းဆုံးဆိုတာ မိမိပဲ၊ အပြန်အားဖြင့် လောကမှ ချစ်စရာအကောင်းဆုံး အားကိုးစရာအကောင်းဆုံးဟာလဲ မိမိပဲ။

စိတ်ကောင်းလေးထားပြန်တော့ ကိုယ့်လောက် အားကိုးစရာ ကောင်းတာမရှိဘူးပေါ့၊ ပညာရှိသူတော်ကောင်းတွေက လမ်းညွှန်ပေးရုံသာတတ်နိုင်တာ၊ တကယ်တမ်းကျတော့ ကိုယ်ကိုယ်တိုင်ပဲ ပြုလုပ် ရမှာ။

* ကိုယ့်ကိုယ်ကို ခြောက်၊ အလွန်ကြောက်၊
မှတ်လောက် လောက်ကြောက်စရာ၊

ကိုယ့်ဟာကိုယ် အခြောက်ခံရတဲ့ ကြောက်စရာအန္တရာယ်က ရှိနေလို့ မိတ်ဆွေတွေများများလိုပါတယ်။

http://www.dhammadownload.com

# ကုသိုလ်ကောင်းမှု မိတ်ဆွေလိုတယ်

(၂) သက်မဲ့သက်ရှိ၊ နှောင့်ယှက်ဘိ၊ မှတ်သိ ကြောက်စရာ၊

မီးဘေး,ရေဘေး,လေဘေး စသည့်သက်မဲ့တွေ အခြား, အခြားသော ကိလေသာ မကင်းသေးတဲ့ သက်ရှိသတ္တဝါတွေ၊ အချိန်မရွေး ကိလေသာအပူအခိုးအငွေ့ ထတောက်ပြီးတော့ နှောင့်ယှက်နိုင်တဲ့ ရန်ဘေးတွေ၊ ဒါကလဲ ခန္ဓာကို ခြိမ်းခြောက်နေတာ။

အဲဒီရန်ကြီး ရှိနေလို့လဲပဲ ကုသိုလ်ကောင်းမှု မိတ်ဆွေလိုအပ်တယ်၊ ယခုလို သာသနာသမ္ပတ္တိ ခေတ်၊ ရတနာတောထဲရောက်နေတဲ့အခါ၊

http://www.dhammadownload.com



(ရတနာကြောကြီးနဲ့ တွေ့ခိုက်မှာ) လိမ်မာပါး နပ်စွာ သိမ်းကျုံးပြီး ယူကြရမယ်။

* သက်မဲ့သက်ရှိ၊ နှောင်ယှက်ဘိ၊ မှတ်သိ ကြောက်စရာ၊

## စည်းကမ်းဖောက်ရင်

(၃) စည်းကမ်းဖောက်က၊ ပြစ်ဒဏ်ရ၊ မှတ်ကြကြောက်စရာ၊

စည်းကမ်းဖောက်ရင် အပြစ်ပေး အရေး ယူခံရတဲ့ ဒဏ်တပ်ခံရတဲ့ ကြောက်စရာလဲ ရှိသေး တယ်၊ သူကလဲ ကိုယ့်ကို အမြဲခြိမ်းခြောက်နေ တယ်၊ ဒါဟာ အဖျှတ္တက ပေါ်လာနိုင်တဲ့ အန္တရာယ်ပဲ။

* စည်းကမ်းဖောက်က ပြစ်ဒဏ်ရ၊ မှတ်ကြကြောက်စရာ၊

http://www.dhammadownload.com

# ကုသိုလ်အထုပ်ငယ်ပြီး အကုသိုလ်အထုပ်ကြီးနေရင်

(၄) တရားမကြွယ်၊ အထုပ်ငယ်၊ အပါယ်ခြောက်တဲ့ ကြောက်စရာ၊

တရားအထုပ်လေးကငယ်လို့ အပူအခိုးအငွေ့ အကုသိုလ်အထုပ်က ကြီးနေတဲ့အခါ ဘဝကူးရမယ့် အချိန်ရောက်တဲ့အခါ၊ အပါယ်ဘေးက ဆီးပြီး ခြောက်တယ်။

အဲသလို အပါယ်ဘေးက ဆီးပြီး ခြိမ်းခြောက်ခံရတဲ့ ကြောက်စရာအန္တရာယ်ကြီး ရှိနေလို့လဲ၊ သာသနာရတနာကြော တွေ့ခိုက်၊ ကိုယ်ပိုင်

http://www.dhammadownload.com



အားကိုးစရာ (ကောင်းမှုမိတ်ဆွေ) တရားများကို ရသလောက် သိမ်းကျုံးပြီး ယူကြရမယ်။

http://www.dhammadownload.com

# သင်္ခါရဘောတွေက ခြိမ်းခြောက်နေတယ်

* အိုနာသေမှု၊ ဆင်းရဲမှု၊ မှတ်ရှုကြောက်စရာ၊

ခန္ဓာမှာ အိုတာရှိတယ်၊ နာတာရှိတယ်၊ သေတာရှိတယ် စတဲ့သင်္ခါရဘောတွေက ခြိမ်းခြောက်ခံနေရတဲ့ ကြောက်စရာ၊ ကိုယ့်ခန္ဓာကလဲ ကိုယ့်ပြန်ခြောက်နေတာ။

* ယော့ ငါ့ကို ဘာမှတ်တုန်း၊
* ငါက အိုပြလိုက်ရမလား၊
* ငါက နာပြလိုက်ရမလား၊
* ငါက သေပြလိုက်ရမလား၊

မင်းက ဘယ်နှစ်ထပ်ကျွေးကျွေး၊ ငါက အို, နာ, သေ နဲ့ ရိုက်ပစ်လိုက်ရမလားဆိုပြီးတော့ ခြိမ်းချောက်တာ ခံနေရတယ်။

* အိုနာသေမှု၊ ဆင်းရဲမှု၊ မှတ်ရှုကြောက်စရာ၊

http://www.dhammadownload.com



* ကြောက်လန့်ဇဖွယ်၊ အန္တရာယ်၊ ငါးသွယ်ရှိသည်သာ၊

လောကထဲမှာ ရှိနေတာ၊ ကြောက်စရာ အန္တရာယ် အကုန်လုံးကို၊ ရန်အကုန်လုံးကို တူရာပေါင်းကြည့်၊ အဲဒီငါးခုထဲမှာ အကုန်လုံး အကျုံးဝင်သွားတယ်၊ အဲဒီရန်တွေရှိနေလို့၊ စိတ်ကောင်းထားက မိတ်ကောင်းရဆိုတဲ့ပုံစံနဲ့၊ ကိုယ်ပိုင်အားကိုးစရာများကို ရအောင်ယူနေ ကြရတာပါ။

* ကိုယ့်ကိုကိုယ်ခြောက်၊ အလွန်ကြောက်၊ မှတ်လောက် ကြောက်စရာ၊
* သက်မဲ့သက်ရှိ၊ နှောင့်ယှက်ဘိ၊ မှတ်သိ ကြောက်စရာ၊
* စည်းကမ်းဖောက်က၊ ပြစ်ဒဏ်ရ၊ မှတ်ကြ ကြောက်စရာ၊
* တရားမကြွယ်၊ အထုပ်ငယ်၊ အပါယ် ခြောက်တဲ့ ကြောက်စရာ၊
* အိုနာသေမှု၊ ဆင်းရဲစု၊ မှတ်ရှုကြောက်စရာ၊
* ကြောက်လန့်ဇဖွယ်၊ အန္တရာယ်၊ ငါးသွယ်ရှိသည်သာ။

http://www.dhammadownload.com

## ကုသိုလ်မပါပဲ သံသရာခရီးသွားလို့ အဆင်မပြေဘူး

အဲသလို ရန်လုပ်ခြိမ်းချောက်နေတဲ့ အန္တရာယ်တွေရှိနေလို့ ကုသိုလ်ကို စိတ်ပါလဲလုပ်၊ စိတ်မပါလဲလုပ်၊ အားရင်လဲလုပ်၊ မအားရင်လဲ လုပ်၊လုပ်ကိုလုပ်ရမယ်၊သူ(ကုသိုလ်)မပါပဲသံသရာ ခရီးသွားလို့ကို အဆင်ပြေမှာ မဟုတ်ဘူး။

သူမပါလို့ ကိုယ်ကြောက်တဲ့ ဒုက္ခအပူတွေ လွတ်မှာလဲ မဟုတ်ဘူး၊ သူမပါလို့တော့ ကိုယ်လို ချင်တဲ့ချမ်းသာရမှာလဲ မဟုတ်ပါဘူး၊ ဒါကြောင့်

http://www.dhammadownload.com



သာသနာမျက်လုံးလေး ကောင်းခိုက်မှာ၊ လိမ်မာပါးနပ်စွာ၊ တရားစွမ်းအားတွေကိုရအောင် သိမ်းကျုံးပြီးတော့ ယူရမယ်။

http://www.dhammadownload.com

# ကိုယ့်အကြောင်း ကိုယ်သိဖို့ အရေးအကြီးဆုံး

* လူ့ဘဝရလာတဲ့အခါ
* အရေးအကြီးဆုံးက
* ကိုယ့်အကြောင်းကိုယ် သိထားဖို့ပဲ။

ကြောင်းကျိုးဆက်သွယ်သိနိုင်တဲ့ ကမ္မဿကဘာသမ္မာဒိဋ္ဌိပညာနဲ့လဲ ကိုယ့်အကြောင်း ကိုယ်သိထားရမယ်၊ အတိတ်ဘဝများစွာတုန်းက ဗုဒ္ဓရတနာနဲ့ ထိုက်တန်လောက်အောင် စိတ်ကောင်းတွေအများကြီးစိုက်ခဲ့ရတယ်၊ ယခုလို အံ့သြစရာကောင်းတဲ့ သာသနာတော်မြတ်ကြီးနဲ့ တွေ့ကြုံခွင့်

http://www.dhammadownload.com



ရပါမယ့်အကြောင်း၊ စိတ်ကောင်းတွေ အများကြီး အရင်းအနှီးစိုက်ထုတ်ခဲ့ရတယ်။

သာသနာနဲ့ထိုက်တန်လောက်အောင် မြင့်မားတဲ့ စွမ်းအားတွေအများကြီး အရင်းအနှီးစိုက်ခဲ့ရတယ်၊ ပစ္စုပ္ပန်မှာလဲပဲ၊ သဒ္ဓါ, ပညာစတဲ့ အင်အားတွေအများကြီး မ,တည်ပေးရတယ်၊ ထိုက်တန်လို့ တွေ့တာ။

* **အတိတ်က ကောင်းခဲ့လို့**
* **ပစ္စုပ္ပန်မှာ ကောင်းတယ်ဆိုရင်**
* **ပစ္စုပ္ပန်မှာ ကောင်းပေးမှသာလျှင်**
* **အနာဂတ်မှာလဲ ကောင်းမှာပဲလို့**
* **ဉာဏ်အမြင်ရှင်းရှင်းနဲ့**
* **လုပ်သင့်တာ လုပ်ဖြစ်မှာပေါ့။**

ထိုက်တန်တဲ့ စွမ်းအားတွေကို ရအောင်ယူခဲ့လို့၊ ထိုက်ထိုက် တန်တန်နဲ့ ရတနာစွမ်းအားကို တွေ့နေကြတာ၊ ဒါကြောင့် ကြောင်းကျိုး ဆက်သွယ်သိနိုင်တဲ့အသိပညာနဲ့၊ ကိုယ့်အကြောင်းကိုယ် သိအောင်လဲ လေ့ကျင့်ထား, လေ့လာထားရမယ်။

http://www.dhammadownload.com

# ကိုယ့်အကြောင်း ကိုယ်သိမှ

မိမိမှာ ရုပ်နာမ်ခန္ဓာရှိတယ်ဆိုတာ ဘယ်သူ ဘယ်ဝါ စသည်က စကားပြောဖြစ်ရုံလေးသာ ပညတ်ထားတဲ့စကားပဲ၊ တကယ်ပညတ်ကို ခွာကြည့်လိုက်တော့၊ ရုပ်နာမ်ခန္ဓာသာရှိတယ်၊ ရုပ်နာမ်ခန္ဓာတွေကလဲ မိုးပေါ်က သူ့ဟာသူ ကျလာကြတာမဟုတ်၊ အကြောင်းကိုယ်စီနဲ့။

အကြောင်းရှိတာကြောင့်ဖြစ်၊ အကြောင်းရှိသလိုဖြစ်၊ အကြောင်း ရှိသလောက်ဖြစ်၊ ဖြစ်လာပြန်တော့ ကန့်သတ်ချိန်လေးပဲ နေကြရတယ်၊

ကန့်သတ်ချိန်စေ့ရင်တော့၊ သဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ၊ ပျောက်

http://www.dhammadownload.com



ပျက်ကုန်ဆုံးကြရတာပဲ စသည်ဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်မျက်လုံးနဲ့လဲပဲ၊ ကိုယ့်အကြောင်း ကိုယ်သိအောင် လုပ်ထားရမယ်။

အဝေးကြည့် မျက်မှန်ခေါ် ဆိုရတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ အနီးကြည့် မျက်မှန်ခေါ် ဆိုရတဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့၊ ကိုယ့်အကြောင်း ကိုယ်သိထားဖို့သည် ဘဝတစ်ခုမှာ အရေးအကြီးဆုံးအလုပ် ဖြစ်ပါ တယ်။

ကိုယ့်အကြောင်း ကိုယ်သိတဲ့ပုဂ္ဂိုလ်ဟာ
(၁) ကိုယ့်အလုပ်ကိုယ် လုပ်တတ်တယ်၊
(၂) ကိုယ့်လမ်းကိုယ် သွားတတ်တယ်၊
(၃) ကိုယ့်နေရာကိုယ် နေတတ်တယ်၊

http://www.dhammadownload.com

# ကိုယ့်အကြောင်း ကိုယ်မသိရင်

ကိုယ့်အကြောင်းကိုယ်မသိတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ့်အလုပ်ကိုယ် မလုပ်နိုင်ပဲ သူများအလုပ်နဲ့ အချိန်ကုန်၊ ဖပ်ဖပ်မောပြီး၊ တစ်ဘဝကုန်ဆုံးသွားကြတာတွေ သိပ်ပြီးတော့ နမြောစရာကောင်းတယ်။

* **ကိုယ့်အကြောင်း ကိုယ်မသိတဲ့ ပုဂ္ဂိုလ်တွေ**
* **သူများလမ်းတွေသွား၊ လမ်းတွေမှားလို့**
* **ဆင်းရဲဒုက္ခတွေတွေ့လို့**
* **တစ်ဘဝလုံး ပူလောင်ချောက်ခြားစွာနဲ့**

ကုန်ဆုံးသွားနေကြ ရတာတွေဟာ နမြောစရာ သိပ်ကောင်းတယ်။

http://www.dhammadownload.com



ကိုယ့်အကြောင်းကိုယ်မသိတဲ့ ပုဂ္ဂိုလ်တွေ၊ ကိုယ့်နေရာ ကိုယ်မနေနိုင်ပဲ သူများနေရာ သွားနေမိလို့၊ ဒုက္ခရောက်ကြရတာတွေလဲ အများကြီးပဲ။

http://www.dhammadownload.com

## တရားအသိပါရင်
## ကိုယ့်အလုပ်ဖြစ်ရော

အဝေးကြည့်မျက်မှန် အနီးကြည့်မျက်မှန် ခေါ်ဆိုရတဲ့ ဉာဏ်မျက်လုံးနှစ်ခုဖြင့် ကိုယ့်အကြောင်း ကိုယ်သိအောင် လုပ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်အလုပ်ကိုယ် လုပ်တတ်တယ်။

ကိုယ့်အလုပ်ဆိုတာ အိုနာသေထုပ်ကြီးကို အိုစာ, နာစာ, သေစာ ကျွေးနေရတာကို ကိုယ့်အလုပ်လို့ မသတ်မှတ်ပါဘူး၊ ဒါဟာ ခန္ဓာရဲ့ တာဝန်ပဲ၊ စိတ်ပါလဲထမ်း၊ စိတ်မပါလဲထမ်း၊ အားလဲထမ်း၊ မအားရင်လဲထမ်း။

တရားအသိလေး ထည့်ပေးရင်တော့ ကိုယ့်အလုပ်ဖြစ်ပါတယ်၊ တရားအသိ မထည့်ဘူးဆိုရင်

http://www.dhammadownload.com



ကိုယ့်အလုပ်မဟုတ်ဘူး၊ သူ့ခန္ဓာ သူ့တာဝန် ထမ်းတာ။

ဆိုကြပါစို့၊ ခန္ဓာကို၊ ကိုယ်က ပြောတယ်ဆို ပါတော့။

"ခန္ဓာရယ်၊ ဒီနေ့မအားလို့ကွာ၊ မင်းကိုငါ ထမင်းချက် မကျွေးနိုင်ဘူး၊ မနက်စာလဲ ချက် မကျွေးနိုင်ဘူး၊ ညနေစာလဲ ချက်မကျွေး နိုင်ဘူး၊ မနက်ဖြန်တော့ မင်းကို ငါ ချက်ကျွေး မယ်နော်၊ ဒီနေ့ တစ်နေ့တော့ သည်းခံပါကွာ၊ ဒီနေ့ မအား လွန်းလို့ပါကွာ၊ အလုပ်တွေ များလွန်းလို့ပါ"

ဘယ်ရလိမ့်မတုန်း၊ ခန္ဓာက ကမ္မဇတေဇော ဝမ်းမီးနဲ့ တစ်ခါ တည်း ရိုက်တောင်းတယ်။

"ငါ့ကျွေးမှာလား၊ မကျွေးဘူးလားပြော"

ပူလောင်စွာရိုက်ပြီး အတင်းတောင်းတော့ မအားပဲနဲ့ ထမင်း ချက်ကျွေးရတယ်၊ စိတ်မပါပဲနဲ့ ထမင်းချက်ကျွေးရတယ်၊ ဒါဟာ သူ့ တာဝန်လေ၊ ကိုယ့်အလုပ်မှ မဟုတ်ပဲ၊ သူတောင်းရင် ပေးရ တာပဲ။

http://www.dhammadownload.com

## ဒုက္ခအပူတွေကို မကြောက်ဖူးဆိုရင်

ကုသိုလ်ပိုင်းဆိုင်ရာကျတော့ (ဆိုကြပါစို့) အလှူတစ်ခုလုပ်နိုင် ဖို့အခြေအနေတွေ အကုန်ပေး ထားတယ်၊ စိတ်ဝင်စားမှု သိပ်မရှိတာနဲ့ "အို နောက်တစ်ပတ်မှလှူတော့မယ်၊ ဒီနေ့မအားလို့" သဘောပဲတဲ့ ကိုယ့်ဆန္ဒအတိုင်းပဲ၊ နောက်က ရိုက်ခိုင်းတဲ့လူ မရှိဘူးလေ။

ခုန ခန္ဓာဝန် ထမ်းဆောင်စဉ်တုန်းကတော့ (ခန္ဓာဝန်ကိစ္စတုန်းက)၊ သူကရိုက်တောင်း၊ ကြောက် တော့ ကျွေးရတာပေါ့၊ အလှူဒါန ကိစ္စကျတော့ နောက်တစ်ပတ်မှ လှူတော့မယ်၊ သဘောပဲတဲ့၊ ကိုယ့်ဆန္ဒအတိုင်းပဲ။

http://www.dhammadownload.com



ဒုက္ခအပူတွေကို မကြောက်ဖူးဆိုရင်၊ ချမ်းသာကို နောက်မှ လိုချင်တယ်ဆိုရင်၊ ရွှေ့ချင်သလောက် ရွှေ့ပါ၊ ဆန္ဒအတိုင်းပါ။

ဒီနေ့မအားလို့ ဥပုသ်မစောင့်အားသေးဘူး၊ နောက်တစ်ပတ်တော့ အားလိမ့်မယ်ထင်ပါရဲ့၊ အဲဒီကျမှ စောင့်တော့မယ်၊ ဒါလဲ သဘောပဲတဲ့၊ ကိုယ့်သဘောအတိုင်းပဲ။

ဒီနေ့ ဘုရားမရှိခိုးအားသေးဘူး၊ တရားမထိုင်အားသေးဘူး၊ သမာဓိအလုပ် အားမထုတ်အားသေးဘူး၊ နောက်တစ်ပတ်တော့ အားမှာပါနဲ့တူပါရဲ့၊ အားခါမှပဲ သမာဓိအလုပ် အားထုတ်ပါတော့မယ်၊ ဒါလဲသဘောပဲ၊ နောက်ကရိုက်ခိုင်းမယ့်လူမရှိဘူး၊ ဘယ်သူမှ မကြောက်ဖူး။

မကြောက်တော့ အရွှေ့လွန်၊ အရွှေ့တွေလွန်ပြီးတော့ အို, နာ, သေက လက်ဦးသွားတတ်တယ်။

ဒီနေ့ ခန္ဓာအရှိဉာဏ်နဲ့ ကြည့်ပြီးတော့ ဝိပဿနာအလုပ် ပွားများအားထုတ်ဖို့ အချိန်မရလို့ပါ၊ နောက်တစ်ပတ်တော့ အားလိမ့် မယ်နဲ့တူပါရဲ့၊ အားခါမှပဲ ဝိပဿနာအလုပ် အားထုတ်တော့မယ်၊ ဒါလဲ သဘောပဲ၊ ကိုယ့်ဆန္ဒအတိုင်းပဲ။

http://www.dhammadownload.com



အပူတွေကို အရင်ဆုံး လိုချင်သေးတယ် ဆိုရင်၊ ချမ်းသာတွေကို နောက်မှလိုချင်တယ် ဆိုရင်၊ ရှေ့ချင်သလောက်ရှေ့ပါ၊ ကိုယ်ပိုင်အလုပ် ကျတော့ မကြောက်တော့၊ ရှေ့ချင်တိုင်း လျှောက်ရှေ့ကြတာ။

## ကိုယ့်အကြောင်းကိုယ်သိသူက ခန္ဓာကို မိတ်ဆွေဖွဲ့တယ်

ဟော– ကိုယ့်အကြောင်းကိုယ် သိတဲ့သူက ဘယ်တော့မှ မရှေ့ဘူး၊ ခန္ဓာကြီးကို နေ့စဉ်ကျွေး ရသလို၊ ခန္ဓာကို ကိုယ်က နေ့တိုင်း ကျွေးရကျိုးနပ် အောင် ခိုင်းမယ်၊ ခန္ဓာကိုမိတ်ဆွေဖွဲ့ တတ်တယ်။

ခန္ဓာက မိတ်ဆွေမဖွဲ့ရင် အမြဲခြိမ်းခြောက် နေတာ "အိုပစ်လိုက် ရမလားကွ၊ နာပစ်လိုက်ရ မလားဟေ့၊ သေပစ်လိုက်ရမလားကွ"

http://www.dhammadownload.com



"အေး… အိုတာ မင်းအလုပ်၊ အိုပါ၊ ငါမတားပါဘူး၊ နာတာ မင်းအလုပ်ကွ၊ နာပါ၊ ငါမတားပါဘူး၊ သေတာလဲ မင်း အလုပ်ပါ၊ သေပါ၊ ဒါပေမယ့် မင်းကို ငါသီလဖြစ်အောင် ကျွေးပေးမယ်၊ မင်းကို သမာဓိပေါ်လာအောင်၊ ဝိပဿနာပေါ်လာအောင် ကျွေးပေးမယ်၊ ပြီး တော့လဲ မင်းက ငါ့ကို တုံ့ပြန်ပါကွယ်။

ကျွေးရကျိုးနပ်အောင် ဒါနလေးတွေနဲ့ ငါ့ကို ပြန်ကျွေးမွေးဆပ်ပါ၊ မင်းကိုကျွေးရကျိုး နပ်အောင် သီလစွမ်းအားလေးတွေ ပြန်ပေး ပါ၊ မင်းကို ကျွေးရကျိုးနပ်အောင် သမာဓိတွေငါ့ကို ပြန်ထုတ်ပေးပါ၊ မင်းကို ကျွေးရကျိုးနပ်အောင် ဝိပဿနာတွေလဲ ရအောင် ယူပေးပါ"

ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်က ခန္ဓာကို မိတ်ဆွေဖွဲ့ပြီး စွမ်းအားကို လိမ်မာပါးနပ်စွာ ယူတယ်။

http://www.dhammadownload.com

# ဉာဏ်မျက်လုံး တပ်လိုက်ရင်

ဒါကြောင့် ကိုယ့်အလုပ်ဆိုတာ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ စွမ်းအား ရလာရမယ်၊ ဒါမှ ကိုယ့်အလုပ် ခေါ်တယ်၊

ခန္ဓာဝန်ထုပ်ထမ်းတဲ့ အတွင်းမှာ ဉာဏ်မျက်လုံးတပ်လိုက်ရင် စားဝတ်နေရေး အကုန်လုံးဟာ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သွားတယ်၊ စီးပွားရေးတွေ နိဗ္ဗာန်ရောက်ကြောင်း အကုန်ဖြစ်သွားတယ်၊ လူမှုရေးတွေ နိဗ္ဗာန်ရောက်ကြောင်း အကုန်ဖြစ်သွားတယ်။

သာသနာမျက်လုံးကြောင့် အကြည့်မှန်သွားတော့ အလုပ်တွေဟာလဲမှန်ပြီးတော့၊ ကိုယ်ပိုင် ဖြစ်သွားတယ်။

http://www.dhammadownload.com



ဉာဏ်မျက်လုံး မပါရင်တော့ ခန္ဓာဝန်ထမ်းတဲ့အလုပ်သည် ကိုယ့်အလုပ်မဟုတ်ဖူး၊ သူ့တာဝန်ထမ်းဆောင်ပေးခြင်းသာ ဖြစ်လိမ့်မယ်၊ ယခုလိုသာသနာမျက်လုံးရထားတဲ့ ပုဂ္ဂိုလ်ကျတော့ ခန္ဓာကိုမိတ်ဆွေဖွဲ့ပြီးတော့ ကိုယ်ပိုင်တရားစွမ်းအားတွေရအောင် ယူတတ်တယ်။

ကိုယ့်နေရာကိုယ်နေတယ်၊ ကိုယ့်လမ်းကိုယ်သွားတယ်၊ ကိုယ့်အကြောင်းကိုသိတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်လမ်းကိုယ် သွားတတ်တယ်။

ကိုယ့်လမ်းဆိုတာ သီလ, သမာဓိ, ပညာဆိုတဲ့ သိက္ခာသုံးပါး လမ်းကြောင်းကို ပြောတာ၊ မဂ္ဂင်လမ်းကြောင်းလို့လဲ ခေါ်ပါတယ်၊ အဲဒါကိုယ့်လမ်းပဲ။

http://www.dhammadownload.com

# အပူတွေ ကြောက်လိုက်တာ

လောကမှာ ဒုက္ခထွက်ပေါက်ဆိုတာ ဒီတစ်ပေါက်ထဲပဲ ရှိပါတယ်၊ ငါ ဒုက္ခကြောက်လှချည်ရဲ့ ဘယ်အပေါက်က ထွက်ရပါလိမ့်၊ ရှာစမ်းကြည့်၊ ဒီတစ်ပေါက်ထဲရှိတယ်၊ ဒီပြင်အပေါက်က သွားမထွက်နဲ့၊ ဘယ်အပေါက်ကမှ ထွက်လို့မရဘူး။

ငါ အပူတွေ ကြောက်လိုက်တာ၊ ဒီအပူတွေ ငြိမ်းအေးသွားအောင် ဘယ်အပေါက်က ထွက်ရရင်ကောင်းပါလိမ့်၊ ဒီပြင်အပေါက် တော့ သွားမရှာနဲ့၊ သိက္ခာသုံးပါး တစ်ပေါက်ထဲပဲရှိတယ်၊ တစ်လောကလုံးမှာ ဒုက္ခထွက်ပေါက်ဆိုလို့ တစ်ပေါက်ထဲပဲ ရှိတယ်၊ အပူငြိမ်းနိုင်တဲ့ အပေါက် ဒီတစ်ပေါက်ထဲပဲရှိတယ်။

http://www.dhammadownload.com



ကိုယ့်အကြောင်း ကိုယ်သိထားတဲ့ ပုဂ္ဂိုလ်တွေဟာ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စမျိုးစုံကိုတောင်မှ သီလ, သမာဓိ, ပညာခေါ်တဲ့ သိက္ခာသုံးပါး လမ်းကြောင်းပေါ်တင်ပြီး ရှင်းရှင်းလေး သွားတတ်တယ်။

အထုပ်ကြီးကို ဒရွတ်တိုက်ကြီး ဘယ်တော့မှမဆွဲဘူး၊ ရှင်းရှင်းလေး အကန့်လေးနဲ့ စွမ်းအားလေးယူပြီးတော့မှ သွားတတ်တယ်၊ ပူလောင်ရှုပ်ထွေးစွာ မသွားတတ်ဘူး၊ ငြိမ်းအေးရှင်းလင်းစွာ သွားတတ်တယ်။

http://www.dhammadownload.com

# ကိုယ်ပိုင်နေရာမရှိဘူး

ကိုယ့်နေရာဆိုတာ လောလောဆယ် နေထိုင်ကြတဲ့၊ တိုက်တာအိမ်ရာ၊ မော်တော်ကား စသည်ကို ပြောတာမဟုတ်ဘူး၊ ဒါတွေဟာ ခဏ ဝင်တည်းတဲ့ တည်းခိုခန်းတွေ။

တစ်သံသရာလုံးမှာ ကိုယ်ပိုင်နေရာဆိုလို့ ဘယ်နေရာမှ မရှိဘူး၊ ခဏဝင်တည်း၊ အချိန်စေ့တော့ အပ်ထားခဲ့၊ ရှေ့ဆက်သွား၊ ခရီးသည် ပုံစံနဲ့သွားနေကြရတာပါ။

ဗြဟ္မာ့ဘုံကိုရောက်နိုင်လောက်အောင် ကောင်းမှုကုသိုလ် အရှိန်အဝါ ကောင်းခဲ့စဉ်တုန်းက ဗြဟ္မာပြည်ကိုရောက်ခဲ့ပြီးပြီ၊ ဗြဟ္မာပြည်မှာ ကြီးကျယ်ခမ်းနားတဲ့ ဘုံဗိမာန်ကြီးတွေ ဆောက်လဲ

http://www.dhammadownload.com



မဆောက်ရပဲနဲ့ ကံကဆောက်ထားပေးလို့ ဝင်ပြီး တက်နေခဲ့ကြပြီးပြီ။

"ဩော် ငါ့နေရာတော့ ရောက်ပြီဟဲ့၊ ဒီတစ်ခါတော့ ငါဘယ်မှ မသွားတော့ဘူး၊ ဒီမှာ အမြဲနေတော့မယ်" ကြံစည်တယ်၊ ဘယ်ရမှာ တုန်း၊ အချိန်စေ့တော့ ပြဟ္မာဘုံဗိမာန်ခေါ်တဲ့ တည်းခိုခန်းကို ပြန်အပ်ထားခဲ့၊ ရွေ့ဆက်သွား။

နတ်ပြည်ကို ရောက်နိုင်လောက်အောင် ကောင်းမှုကုသိုလ် မိတ်ဆွေ အရှိန်အဝါကောင်း တဲ့အခါမှာ နတ်ပြည်ကို ရောက်သွား၊ ကိုယ်က ဆောက်လုပ်နေစရာ မလိုဘူး၊ ကံက ဆောက်ပေး ပြီးသား။

ဘုံဗိမာန် ခမ်းခမ်းနားနားကြီးတွေ့ကြ၊ တက်နေကြ၊ ငါနေရာ တော့ တွေ့ပြီ၊ ဒီတစ်ခါ ငါဘယ်မှ မသွားတော့ဘူး၊ အမြဲနေတော့မယ်၊ ဘယ်ရလိမ့်မတုန်း၊ အချိန်စေ့တော့ တည်းခိုခန်း ပြန်အပ်ထားခဲ့၊ ရွေ့ဆက်သွား။

လူ့ပြည်ကိုရောက်နိုင်လောက်တဲ့ ကုသိုလ် ကောင်းမှုစွမ်းအား အရှိန်အဝါပါတဲ့ ပုဂ္ဂိုလ်တွေကျ တော့ လူ့ပြည်ရောက်လာကြ ကံ,ဉာဏ်, ဝီရိယ

http://www.dhammadownload.com



အခြေအနေပေးသလောက် တိုက်တာတွေ၊ နေအိမ်တွေ ပြည့်ပြည့်စုံစုံ ရကြ။

ငါ့နေရာတော့ ငါရောက်ပြီ၊ ဒီတစ်ခါ ငါအမြဲပဲ နေတော့မယ်၊ ဘယ်ကိုမှ မသွားတော့ဘူး၊ ဘယ်ရလိမ့်မတုန်း၊ ကန့်သတ်ချိန်လေးနဲ့ ခဏဝင်တည်းတဲ့ တည်းခိုခန်းတွေပါလား၊ အချိန်စေ့တော့ လူ့ဘုံမှာ ရထားတဲ့၊ တိုက်တာနေအိမ်စတဲ့ တည်းခိုခန်းတွေ ပြန်အပ်ထားခဲ့၊ ရှေ့ဆက်သွား။

သံသရာဘဝတစ်ခုလုံးမှာ ကိုယ်ပိုင်နေရာ ရှိမှ မရှိပဲနဲ့ ခဏ ဝင်တည်းတဲ့ တည်းခိုခန်းတွေ ချည်းပဲ။

# ကိုယ့်နေရာဆိုတာက

အမြဲနေရမယ့် ကိုယ့်နေရာဆိုတာက ဘုရားအာရုံ, တရားအာရုံ, သတိပဋ္ဌာန် အာရုံ၊ အဲဒါတွေက ကိုယ့်နေရာ နိဗ္ဗာန် မရောက်မချင်း၊

http://www.dhammadownload.com



ဘယ်တော့မှ ဆင်းပေးစရာ မလိုပါဘူး၊ ဘယ်သူ့ ထံမှ အပ်စရာလဲ မလိုပါဘူး၊ ဘယ်သူကမှလဲ နှင်မချပါဘူး။

ဘုရားအာရုံ၊ တရားအာရုံ၊ ကုသိုလ်အာရုံ၊ သတိပဋ္ဌာန်အာရုံဆိုတဲ့ ကိုယ်ပိုင်တရား အာရုံ လေးတွေနဲ့ နေနိုင်ကြတာဟာ၊ အဲဒါ ကိုယ့်နေရာ ကိုယ် နေကြတာ၊

အဲသလိုဆိုရင် ပရိသတ်အပေါင်း သူတော် ကောင်းတွေ ကိုယ့် အလုပ်ကိုယ် လုပ်နေကြ တာပဲ(သာသနာပြုအလုပ်လေ)။ ကိုယ့်အတွက် လဲစွမ်းအားရ၊ သာသနာအတွက်လဲ အားတက်စရာ သိပ်ကောင်းတယ်၊ ဒါဟာ ကိုယ့်အလုပ်ကိုယ် လုပ်တာပဲ။

http://www.dhammadownload.com

# ကိုယ့်အကြောင်းကိုယ် သိထားလို့ပေါ့

* ဘာဖြစ်လို့ ကိုယ့်အလုပ်ကိုယ် လုပ်တာလဲ?
* ကိုယ့်အကြောင်းကိုယ် သိထားလို့ပေါ့။

ပရိသတ်အပေါင်း သူတော်ကောင်းတွေ၊ ကိုယ့်လမ်းကိုယ် သွားနေကြတယ်၊ သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါး၊ ကိုယ်ပိုင်လမ်း ကြောင်းက သွားနေကြတယ်။

* ဘာဖြစ်လို့ ကိုယ့်လမ်းကိုယ် သွားနိုင်ကြတာလဲ?
* ကိုယ့်အကြောင်းကိုယ် သိထားလို့ပေါ့။

ပရိသတ်အပေါင်း သူတော်ကောင်းတွေ ကိုယ့်နေရာကိုယ်နေကြတယ်၊ ဘုရားအာရုံ၊

http://www.dhammadownload.com



တရားအာရုံ၊ ကုသိုလ်အာရုံ၊ သတိပဋ္ဌာန် အာရုံ၊ ကိုယ်ပိုင်တရားအာရုံလေးတွေနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ နေကြတယ်။

* **ဘာဖြစ်လို့ ကိုယ့်နေရာကိုယ် နေနိုင်တာလဲ?**
* **ကိုယ့်အကြောင်းကိုယ် သိထားလို့ပေါ့။**

ဒါကြောင့် လူ့ဘဝရောက်လာရင်၊ ကိုယ့်အကြောင်းကိုယ် သိဖို့ သိပ်အရေးကြီးတာပေါ့၊ မြတ်စွာဘုရားရဲ့ ကျေးဇူးကြောင့်၊ မိမိတို့ဟာ ကိုယ့်အကြောင်းကိုယ် အထိုက်အလျောက် သိခွင့်ရကြတယ်၊ ဒါကြောင့်မို့ ကုသိုလ်ကောင်းမှုမိတ်ဆွေကို ချစ်ခင်မြတ်နိုးစွာ ပျော်ရွှင်စွာနဲ့ အားတက်သရော ပြုလုပ်အားထုတ်နေကြတာပဲ။

http://www.dhammadownload.com

# အခွံချည်း ပြန်ကြရမယ်

လူ့ဘဝကိုရောက်လာတယ်ဆိုရင် လူ့ဘဝ ရလဒ်သုံးခုရဖို့ လိုတယ်၊ လူ့ဘဝ ရလဒ်သုံးခုရမှ ငါလူဖြစ်ရကျိုးနပ်ပြီလို့ ဂုဏ်ယူစရာ ဖြစ်ပါလိမ့်မယ်၊ အဲဒီသုံးခုကိုမှ ရအောင်မယူနိုင်ရင် အပြန်ခရီးမှာ အခွံချည်းပြန်ကြရမယ်။

ရလဒ်သုံးခုမှာ (၁) ပစ္စုပ္ပန်မှာ ဘယ်အာရုံနဲ့ တွေ့တွေ့ တွေ့သမျှ အာရုံနဲ့အဆင်ပြေအောင် တည်ငြိမ်ရင့်ကျက် အေးချမ်းစွာ ပျော်ရွှင်စွာနေ တတ်ရမယ်။

တရားက အကုန် အာမခံ တာဝန်ယူတယ်၊ ကိုယ့်အလုပ်ကိုယ် လုပ်တဲ့လူတွေ၊ ကိုယ့်လမ်းကိုယ်

http://www.dhammadownload.com



သွားတဲ့လူတွေ ကိုယ့်နေရာကိုယ် နေတဲ့လူတွေ၊ ပစ္စုပ္ပန်ပျော်ရွှင်ချမ်းမြေ့စွာ နေတတ်တာပေါ့၊

လူ့ဘဝ ဉာဏ်မျက်လုံး တပ်ကြည့်ပေါ့၊ လာတုန်းကလဲ ငိုပြီးလာခဲ့ကြတာ၊ မွေးဖွားတုန်းက ပြုံးပြုံးလေး မွေးဖွားလာခဲ့ကြတာမှ မဟုတ်ပဲ။

လာတုန်းက ငိုပြီး မွေးဖွားလာခဲ့ကြတယ်။ အပြန်ခရီးကျတော့ ကိုယ်ပိုင်တရား မပါရင် ငိုပြီးတော့ ပြန်ကြရဦးမယ်၊ ကိုယ်ပိုင်တရား ကင်းကွာပြီး ဝေးနေကြမယ်ဆိုရင်၊ မပြန်သေးခင် လဲပဲ ငိုကြရဦးမယ်၊ စိတ်တိုင်းမကျတိုင်း စိတ်ထဲက ငိုလိုက်၊ နှုတ်က ထုတ်ငိုလိုက်နဲ့။

ကိုယ်ပိုင်တရားမပါရင် အာရုံတွေ ထောင်းထုနှိပ်စက်ခံရပြီး ငိုနေကြရဦးမယ်၊ လာတုန်းက လဲငို အပြန်မှာလဲငို၊ မပြန်သေးခင်လဲငို၊ လူ့ဘဝ ဟာ ဘာမှအဓိပ္ပါယ်မရှိတော့ပါဘူး။

ဒါကြောင့် ဗုဒ္ဓသာသနာနဲ့ တွေ့သူတွေ၊ စိတ်ကောင်းထားက မိတ်ကောင်းရဆိုတဲ့ ကောင်းမှု မိတ်ဆွေတွေကို ရအောင်ယူတတ်တဲ့ ပုဂ္ဂိုလ်တွေ တော့ အမြင်ရှင်းအောင်ကြည့်။

http://www.dhammadownload.com



အို လာတုန်းက မသိလို့ ငိုခဲ့တာထားပေါ့၊ အပြန်ခရီး မငိုတော့ဘူး၊ မပြန်သေးခင်လဲ မငိုတော့ဘူး၊ ဟဲ့, သတ္တိရှိလှချည်လား၊ ပြောရဲလှချည်လား၊ ပြောရဲတာပေါ့၊ တစ်လောကလုံးမှာ အကောင်းဆုံးဖြစ်တဲ့ ဗုဒ္ဓ ဓမ္မ သံဃ ဆိုတဲ့ ရတနာသုံးလုံးနဲ့ တွေ့နေပြီပဲ၊ (ထိုက်တန်လွန်းလို့တွေ့တာ)

# ရတနာနဲ့ ထိုက်တန်မှ

ရတနာသုံးပါး၊ မျက်စိရှိမြင်တာပေါ့ ပြောချင်ပြောမယ်၊ မျက်စိ ရှိမြင်ချင် မြင်လိမ့်မယ်၊ သို့သော်လဲ ဘုရားနဲ့ တွေ့ချင်မှတွေ့မှာ၊ တွေ့တာက သဒ္ဓါ, ပညာနဲ့ ထိုက်တန်တဲ့ စွမ်းအားရှိမှ တွေ့မှာ။

တရားပဲ နားပါရင် နာလို့ ဖြစ်တာပေါ့၊ ဒါက စကားပဲရှိမယ်၊ တကယ်တမ်းကျတော့

http://www.dhammadownload.com



ထိုက်တန်မှ တရားနာဖြစ်တာ ရတနာနဲ့ ထိုက်တန်မှ၊ ကိုယ့်သန္တာန်မှာ, ရတနာ ထည့်သွင်းလို့ရတာ။

http://www.dhammadownload.com

# မိတ်ဆွေသုံးယောက်တွေ့ထားပြီ

လောကမှာ အားအကောင်းဆုံးဖြစ်တဲ့ (ဗုဒ္ဓ ဓမ္မ သံဃဆိုတဲ့) ရတနာသုံးလုံးနဲ့ ဒို့တွေ့ဆုံနေကြပြီ၊ အားအကောင်းဆုံး ဖြစ်တဲ့ ရတနာသုံးလုံးကို မှီပြီးတော့ အားအကောင်းဆုံးဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ မိတ်ဆွေသုံးယောက်လဲ တွေ့နေကြပြီ။

နိဗ္ဗာန်အရောက် ကိုယ့်အပေါ်ဘယ်တော့မှ သစ္စာမဖောက်တဲ့၊ မလိုတစ်မျိုး လိုတစ်မျိုး ဘယ်တော့မှမလုပ်၊ အရှိအတိုင်း ဘာကိုမှလဲ သိုဝှက်လို့မထား၊ မရှိတာလဲ ဘာကိုမှဟန်လုပ်မပေး၊ အရှိအတိုင်း ကိုယ့်အပေါ်မှာ သစ္စာရှိရှိနဲ့ စွမ်းအားကို

http://www.dhammadownload.com



ရအောင် ဆောင်ရွက်ပေးသွားနိုင်တဲ့ အားအကောင်းဆုံးဖြစ်တဲ့ ဒါန, သီလ, ဘာဝနာဆိုတဲ့ မိတ်ဆွေသုံးယောက်လဲ တွေ့ထားပြီ။

ဒါကြောင့် လာတုန်းက မသိလို့ ငိုခဲ့ပေမယ့် အပြန်ခရီး ဒို့မငိုတော့ဘူး၊ မပြန်သေးခင်လဲ ဒို့မငိုတော့ဘူး၊ လူ့ဘဝ ပထမရလဒ်ရအောင် ယူမယ်။

ပစ္စုပ္ပန်မှာ ဘယ်အာရုံနဲ့တွေ့တွေ့၊ တွေ့သမျှ အာရုံနဲ့အဆင် ပြေအောင် တည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာ နေတတ်, နေနိုင်ရမယ်၊ တရားက အကုန်အာမခံ တာဝန်ယူတယ်၊ ဒါက ပိုက်ဆံပေးဝယ်လို့ရမှာမှမဟုတ်ပဲ၊ စိတ်ကောင်း ထားဖော်ထုတ်မှ ရနိုင်မယ့် စွမ်းအားပါ။

http://www.dhammadownload.com

# ကောင်းကျိုးပြု ဘဝမှတ်တိုင် စိုက်ထူနိုင်ရမယ်

(၂) ကိုယ့်ရဲ့ ကိုယ်အား ဉာဏ်အား ပစ္စည်းအားဖြင့် မိမိ သူတစ်ပါး လောက၊ သာသနာ စွမ်းနိုင်ရာဘက်မှာ၊ သဒ္ဓါ, ပညာ, မေတ္တာအား တွေဖြင့် လှပတင့်တယ် ထည်ဝါခန့်ညား ကျက်သရေ ရှိအောင် အလှတန်ဆာ ဆင်ပေးနိုင်ရမယ်၊ ကောင်းကျိုးပြု ဘဝမှတ် တိုင်စိုက်ထူနိုင်ရမယ်၊ နာမည်ကောင်းကျန်ရစ်ရမယ်၊ ဒါဟာ လူ့ဘဝရဲ့ ဒုတိယရလဒ်။

ဒါကြောင့် ဝိနယတံခွန်ပရိယတ္တိ ပူဇာနုဂ္ဂဟ အသင်း ပရိသတ်အပေါင်း သူတော် ကောင်းတွေ၊ လူ့ဘဝရဲ့ ဒုတိယရလဒ်ကြီးကို လှလှကြီးရအောင်

http://www.dhammadownload.com



ယူနေကြတာပဲ၊ ကိုယ်ရဲ့ ကိုယ်အား ဉာဏ်အား၊ ပစ္စည်းအား၊ အင်အားသုံး ခုဖြင့် သဒ္ဓါ၊ ပညာ၊ မေတ္တာ တရားတွေဖြင့် လှူပအောင် အလှူဆင် ပေးနေကြတယ်၊ ကောင်းကျိုးပြု ဘဝမှတ်တိုင်ကြီး စိုက်ထူနေကြတယ်။

စိတ်ကောင်းကြောင့် နာမည်ကောင်းမလို ချင်ပါဘူးလို့ ငြင်းလို့ကို မရတော့ဘူး၊ နာမည် ကောင်းလဲရတော့တာပဲ။

တချို့ပုဂ္ဂိုလ်တွေကျတော့ လှူတောင် မသေရသေးဘူး၊ နာမည်သေကုန်ပြီ၊ ဘယ်နေရာမှ လှူရာမဝင်တော့ဘူး၊ ဘယ်နေရာမှ ဘယ်သူမှ အသုံးမပြုတော့ဘူး၊ ဘယ်သူမှ အယုံအကြည် မရှိတော့ဘူး။

တချို့ပုဂ္ဂိုလ်တွေ လှူတော့သေပြီးပြီ၊ နာမည်က ကောင်းပြီး၊ ပျံ့မွှေးပြီး ကျန်ရစ်တယ်၊ လူ့ဘဝ ဒုတိယရလဒ် ရထားလို့ပေါ့။

သဒ္ဓါပညာ၊ မေတ္တာ၊ အားတွေနဲ့ ကိုယ့်စိတ် ကို စိတ်ကောင်းလေးတွေ ဖော်ထုတ်လို့၊ စွမ်းအား တွေရအောင်ယူပြီး ကြိုးစား အားထုတ်သွားခဲ့လို့၊ အလှူဆင်သွားခဲ့လို့၊ ကိုယ့်အတွက်လဲ စွမ်းအားရ၊

http://www.dhammadownload.com



လောကအတွက်လဲ နာမည်ကောင်းတွေ ကျန်ခဲ့တယ်။

ဒါကြောင့် ယခု လူ့ဘဝ ဒုတိယရလဒ်ကိုလဲရအောင်ယူနေကြတယ်၊ စိတ်ကောင်းထားက မိတ်ကောင်းရ၊ သာသနာရဲ့ မိတ်ဆွေ စစ်တွေပေါ့။

ကုသိုလ်က ကိုယ့်ရဲ့ မိတ်ဆွေ၊ စိတ်ကောင်းထားတဲ့ ပုဂ္ဂိုလ်ကသာသနာရဲ့မိတ်ဆွေ၊ သာသနာက ဒီလိုပုဂ္ဂိုလ်ကိုပဲ မှီမှာပါ၊ ပိုက်ဆံပေါတိုင်း၊ အချိန်အားတိုင်း သာသနာမှီလို့ မရပါဘူး။

http://www.dhammadownload.com

# ဘဝကူးပြဿနာက သေးတာမဟုတ်ဘူး

(၃) တတိယလူ့ဘဝရလာဒ်က၊ ဘဝကူး စိတ်အေးရမယ်။

ဘဝဆိုတာ ဆုပ်ကိုင်ထားလို့ ဖြစ်တာမှ မဟုတ်ပဲ၊ ကန့်သတ် ချိန်စေ့ရင် ကိုယ့်ကိုတောင် အသိပေးမှာ မဟုတ်ပါဘူး၊ ဘဝဟာ ကူးပြောင်း ကြရပေလိမ့်ဦးမယ်။

ဘဝဟာ ကိုယ့်စိတ်ကြိုက် ကန့်သတ်ပိုင်ခွင့် လုံးဝမရှိ၊ ဆိုင်ရုံလေးပဲဆိုင်တယ်၊ ကိုယ်က လုံးဝ မပိုင်ပါဘူး။

http://www.dhammadownload.com



လုံးဝပိုင်တာမဟုတ်တဲ့ အတွက်ကြောင့် အချိန်စေ့ရင် သူ့ ကန့်သတ်ချိန်စေ့ရင် ဘဝကူး ပြောင်း ကြရပေဦးမယ်။

ဘဝကူး ပြဿနာလဲ သေးတာမဟုတ်ဘူး၊ ပုထုဇဉ်စိတ်ဆိုတာ နိုင်တာနဲ့ မနိုင်တာမှာ မနိုင်တာ ကများများ။

တစ်ခါတစ်ရံ ငါးမိနစ်လုံး စိတ်တွေဟာ ဟိုရောက်ဒီရောက်၊ အစီအစဉ်မရှိ၊ ဟိုသွားဒီသွား၊ ရန်စိတ်တွေချည်းပဲ ငါးမိနစ် ကုန်သွားတယ်။

တစ်ခါတစ်ရံ လုနိုင်လွန်းလို့ ငါးမိနစ်ထဲမှာ တစ်မိနစ်လောက် ကိုယ့်ဖို့ပါရဲ့၊ လေးမိနစ်လောက် က၊ ရောက်ချင်ရာရောက်၊ ပြေးချင်ရာပြေး၊ ရန်စိတ် တွေနဲ့ အချိန်ကုန်သွားတယ်၊ မိတ်ဆွေစိတ်က တစ်မိနစ်လောက်ပဲပါတယ်။

ဒီလိုဆိုရင် ငါးမိနစ်မှာ ငါးပုံတစ်ပုံက မိတ်ဆွေစိတ်၊ ငါးပုံ လေးပုံက ရန်သူစိတ်ပေါ့၊ တစ်နာရီ တွက်ကြည့်ပေါ့၊ တစ်ရက် တွက်ကြည့်၊ တစ်လ, တစ်နှစ် တွက်စမ်းကြည့်ပေါ့၊ တစ်သက် လုံး တွက်စမ်းကြည့်ပေါ့။

http://www.dhammadownload.com



ငါးပုံလေးပုံက ရန်သူစိတ်၊ ငါးပုံတစ်ပုံက မိတ်ဆွေစိတ်၊ လွန်ဆွဲကြပေရော့၊ မိတ်ဆွေနဲ့ ရန်သူ လွန်ဆွဲရင် ရန်သူက နိုင်မှာပဲ။

ဒါကြောင့် မြတ်စွာဘုရားက ဥပမာပေးတာပေါ့ တစ်ချိန် ဘုရားရှင်ဟာ လက်သည်းခွံပေါ်မှာ မြေမှုန်လေးတွေ တင်ပြတယ်။

"ချစ်သား ရဟန်းတို့, ဟောဒီ မြေမှုန့်လေးတွေ မြင်ကြရဲ့လား"

"မှန်ပါ, မြင်ကြောင်းပါဘုရား"

"ဟောဒီ လက်သည်းခွံပေါ်က မြေမှုန့်နဲ့ ဟောဟို မဟာပထဝီမြေကြီးပေါ်က မြေမှုန့်၊ ဘယ်မြေမှုန့်က များတုန်း"

"နှိုင်းယှဉ်လို့ မရနိုင်ကြောင်းပါဘုရား၊ လက်သည်းခွံပေါ်က မြေမှုန့်ဆိုတာ အရေအတွက် တောင်မှ မပြုလုပ်လောက်အောင် သိပ်နည်းလှကြောင်းပါဘုရား၊ မဟာပထဝီမြေကြီးပေါ်က မြေမှုန့် ဆိုတာ၊ တိုင်းတာကန့်သတ်လို့ မရနိုင်လောက်အောင် အလွန့်အလွန် များလှကြောင်းပါ ဘုရား"

http://www.dhammadownload.com



"အေး– စိတ်မနိုင်လို့ ဟောဟိုဘက် လိမ့်ကျသွားတဲ့ သတ္တဝါတွေ၊ ရန်စိတ်နဲ့ ပူလောင်စွာ ကိုယ်မလိုချင်တဲ့နေရာ ဒလိမ့်ခေါက်ကွေး ကျသွားတဲ့ သတ္တဝါတွေဟာ၊ ဟောဟို မဟာပထဝီ မြေကြီးပေါ်က မြေမှုန့်တွေလောက် များတယ်၊ ကိုယ့်စိတ်ကိုယ် နိုင်လို့၊ မိတ်ဆွေ စိတ်ကလေးနဲ့ တည်ငြိမ်ရင့်ကျက်စွာ ကိုယ်လိုရာ ရောက်အောင် သွားနိုင်တဲ့ သတ္တဝါတွေက၊ ဟောဒီ လက်သည်း ခွံပေါ်က မြေမှုန့်လောက်သာရှိတယ်"လို့ ဟောတော်မူခဲ့တယ်။

ဒီလိုဆိုတော့ ဘဝကူး ပြဿနာ ဘယ်သေးလို့လဲ၊ ဒါကြောင့် ဘဝကူး ပြဿနာကြီးလွန်းလို့၊ ကိုယ့်စိတ်ကို ကိုယ်တောင်မှ ယုံရတာ မဟုတ်၊ ကိုယ့်ကိုကိုယ်တောင်မှ စိတ်ချရတာ မဟုတ်တော့၊ ကိလေသာ နီဝရဏတရားတွေက သေခါနီးမှာလာပြီး ခြိမ်းခြောက်ကြမယ်ဆိုရင် ဘဝတိမ်းသွားနိုင်တယ်၊ ဒါကြောင့် လူ့ဘဝ တတိယ ရလဒ်က–

* ဘဝကူး စိတ်အေးရမယ်။
* ကုသိုလ်မိတ်ဆွေတွေ ရှိထားရမယ်။
* ဒီနေ့ရနိုင်တဲ့ ဒါန၊ ဒီနေ့ပဲ ယူလိုက်၊

http://www.dhammadownload.com



* နက်ဖြန်ကိုမရွှေ့နဲ့၊
* ဒီနေ့ရနိုင်တဲ့သီလ၊ ဒီနေ့ပဲ ယူထားလိုက်၊
* ဒီနေ့ရနိုင်တဲ့ သမာဓိ၊ ဒီနေ့ပဲ ယူထားလိုက်၊
* ဒီနေ့ရနိုင်တဲ့ ဝိပဿနာ၊ ဒီနေ့ပဲ ယူထား လိုက်၊
* နက်ဖြန်ကိုမရွှေ့နဲ့၊
* ကိုယ်ပိုင်တဲ့ အချိန်ဟာ၊
* ပစ္စုပ္ပန်တစ်ခုထဲပဲ ရှိတယ်။

ဒါကြောင့် ဘဝကူးစိတ်အေးရမယ့် ကိုယ်ပိုင်တရားတွေ ရှိထားအောင်လုပ်ပါ၊ အဲဒီလူ့ဘဝ ရလဒ် သုံးခုရှိမှ လူဖြစ်ရကျိုးနပ်မှာ–

* ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာအောင်၊ တရား ဆောင်၊ အမှောင်ကင်းရမည်။
* ကိုယ်အား, ဉာဏ်အား၊ ပစ္စည်းအား၊ အများလှအောင် ဆင်ရမည်။
* ဘဝကူးရေး၊ အပူဝေး၊ စိတ်အေးနိုင်ရမည်။
* တရားသုံးပါး၊ လူ့စွမ်းအား၊ ခန့်ညားထည် ဝါသည်။
* စိတ်ကောင်းထားက၊ မိတ်ကောင်းရ၊ မုချ ချမ်းသာမည်။

http://www.dhammadownload.com



ဒါကြောင့် သယံကတာနီ၊ ကိုယ်တိုင်ကြိုးစား စွမ်းအားကိုထုတ် ပြုလုပ်အပ်ကုန်သော၊ ပညာနီ၊ ကောင်းမှုစွမ်းအား မြတ်တရားတို့သည် သန္တိ၊ ကောင်းစွာမသွေ ရှိကြပါပေကုန်၏။

တံ၊ ထိုကောင်းမှုစွမ်းအားမြတ်တရားသည်၊ သမ္ပရာယိကံ၊ တမလွန်ဘဝ နိဗ္ဗာန်ကျ အောင်၊ သယ်ဆောင်၍ သွားနိုင်သော၊ မိတ္တံ၊ ကိုယ့်အပေါ်၌ ဘယ်တော့မှ သစ္စာမဖောက်နိုင်သော၊ မိတ်ကောင်းဆွေကောင်း၊ ဆွေမျိုးကောင်းသည် ဟောတိ၊ စိတ်ကောင်းထားက မိတ်ကောင်းရ၍၊ မုချမသွေ၊ ဖြစ်ရပါပေသတည်း။

## လောကမှာ တရားလောက် အဖိုးတန်တာမရှိ

ဒါကြောင့် ကုသိုလ်ကောင်းမှု မိတ်ဆွေနဲ့ တွေ့နေကြလို့ ပျော်ကြတာပေါ့၊ ကိုယ့်အကြောင်း ကိုယ်သိထားတဲ့ ပုဂ္ဂိုလ်တွေ၊ ကုသိုလ်လုပ်ရ

http://www.dhammadownload.com



တာလောက် ပျော်စရာကောင်းတာ ဘာမှ မရှိပါဘူး။

လောကမှာ ဘယ်အရာတွေ ဘယ်လောက် အဖိုးတန်တယ်လို့ ပဲပြောပြော၊ တရားလောက် အဖိုးတန်တာတော့ လောကမှာ ဘာတစ်ခုမှ မရှိပါဘူး၊ ဘယ်အရာတွေ ဘယ်လောက် ထူးဆန်းတယ်ပဲ ပြောပြော၊ နောက်ဆုံး တရားလောက် ထူးဆန်းတာ လောကထဲ ဘာမှမရှိပါဘူး၊ ဘယ်အရာတွေ ဘယ်လောက် အံ့ဩစရာ ကောင်းတယ်လို့ပဲ ပြောပြော၊ နောက်ဆုံးတော့ တရားလောက် အံ့ဩစရာကောင်းတာလောက၊ ဘာမှ မရှိပါဘူး။

http://www.dhammadownload.com

# တရားနှင့်လှူစွမ်းကောင်းလုပ်နိုင်သော ပုဂ္ဂိုလ်သာ အစွမ်းဆုံး

လောကအတွင်း၊ လှူစွမ်းကောင်း လုပ်နည်းမျိုးစုံ ရှိရာမှာ၊ တရားနဲ့ လှူစွမ်းကောင်း လုပ်နိုင်သူလောက်၊ ဘယ်သူမှ မစွမ်းပါဘူး၊ အခြား, အခြား လှူစွမ်းကောင်း လုပ်နည်းတွေက ဒေသ, ကန့်သတ်ချိန် စေ့သွားရင်၊ အကုန်လုံး ဟာကနဲဆို ပျောက်ကွယ်သွားကြတယ်၊ တစ်ခါ တစ်ရံ လှူကို အကြီးအကျယ် ဒုက္ခ ပေးသွား သေးတယ်။

* တရားနဲ့လှူစွမ်းကောင်း လုပ်တဲ့ပုဂ္ဂိုလ်မှာ၊
* ကာလ, ဒေသ, ကန့်သတ်ချိန် မရှိပါ။
* ဘယ်တော့မှ ကိုယ့်ကို သစ္စာဖောက်ပြီး၊

http://www.dhammadownload.com



- ဒုက္ခမပေးပါ။
- တရားကြောင့် ဒုက္ခရောက်တဲ့လူ၊
- လောကမှာ ဘယ်သူမှ မရှိပါ။
- တရားသာ အံ့သြစရာ အကောင်းဆုံး၊
- တရားနဲ့ လူစွမ်းကောင်း လုပ်နိုင်သူသာ၊
- လောကမှာ အစွမ်းဆုံး။

http://www.dhammadownload.com

# စိတ်သန့်ရှင်းစင်ကြယ်မှ ချမ်းသာမည်၏

လူချမ်းသာရဲ့ အနှစ်ချုပ်ဆိုတာ စိတ်သန့်ရှင်း စင်ကြယ်မှုသာ ပဓာနပါ၊ လောကမှာ လူအများထင်နေကြတာက၊ ပိုက်ဆံရှိမှ ချမ်းသာမှာ၊ ပစ္စည်းတွေပေါရင်တော့ ချမ်းသာမှာ အဲသလို ထင်နေကြ ပါတယ်။

သို့သော်လဲ တကယ် လက်တွေ့ အကဲခတ်ကြည့်ပါ၊ တရားစွမ်းအားမပါသူတွေ၊ စိတ်မသန့်ရှင်း မစင်ကြယ်သူတွေ၊ ရှိတာကြောင့်ငိုရ၊ ရှိတာကြောင့်ပူရ၊ ရှိတာကြောင့် ကြောက်ရ၊ ရှိတာကြောင့် ရန်ဖြစ်ရ၊ ရွှေထုပ်ကြီးတွေကိုင် ငိုနေရ၊ ပိုက်ဆံထုပ်ကြီးတွေ ကိုင်ပူနေရ၊ ပစ္စည်း ထုပ်ကြီးတွေကိုင်၊

http://www.dhammadownload.com



ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်နေရ၊ အရှုး တစ်ပိုင်းတွေ ဖြစ်နေရ။

လက်လှမ်းမီသလောက် ကြည့်တတ်လို့ ရှိရင်၊ အရှိကြောင့်ဒုက္ခရောက်နေတာတွေ အများကြီး။

*** ပစ္စည်းဥစ္စာ၊ အပူပါ၊ ပေါင်းတာ တစ်ခဏ၊**

ပစ္စည်းဥစ္စာဆိုတာက တစ်သိန်းရရင် တစ်သိန်းတန် အပူပါလာတယ်၊ တစ်သိန်းတန်ရန်က နောက်က လိုက်လာတယ်၊ တစ်သိန်းတန် ပူပန်ကြောင့်ကျမှုနောက်က တွယ်လာတယ်။

*** ပစ္စည်းဥစ္စာ၊ အပူပါ၊ ပေါင်းတာတစ်ခဏ၊**

ကိုယ်နဲ့အတူ ပေါင်းလိုက်ရတာလဲ ခဏလေးပါ၊ စားရင်ကုန်သွားမယ်၊ သုံးရင် ကုန်သွားမယ်၊ ပျောက်ရင် ကုန်သွားမယ်၊ တစ်ခုခုသော အကြောင်းနဲ့ ကုန်သွား၊ သူနဲ့ ကိုယ်နဲ့ ပေါင်းလိုက်ရတဲ့ အချိန်လေး၊ များလဲ မများပါဘူး ခဏပါတဲ့။

*** ပစ္စည်းဥစ္စာ၊ အပူပါ၊ ပေါင်းတာ တစ်ခဏ၊**

http://www.dhammadownload.com

# အပူကို ဘယ်တော့မှ တွဲခေါ်မလာခဲ့ပါ

* တရားဝင်ရောက်၊ အပူပျောက်၊ မကြောက်ရအောင် စိတ်အေးရ၊

ဒါနတရားလေးတွေ ဝင်လာတဲ့အခါ၊ သီလတရားလေးတွေ၊ သမာဓိတရားလေးတွေ ဝိပဿနာလေးတွေ ဝင်လာတဲ့အခါ (အပူပျောက်၊ မကြောက်ရအောင် စိတ်အေးရဆိုတဲ့အတိုင်း) ဒါနသည် ရန်သူကို ဘယ်တော့မှခေါ်လို့ မလာခဲ့ပါ၊ အပူကို ဘယ်တော့မှ တွဲခေါ်မလာခဲ့ပါ၊ သီလ, သမာဓိ, ပညာဆိုတဲ့ ကောင်းမှုစွမ်းအားတွေက ဘယ်တော့မှ ရန်သူတွေ ခေါ်လို့မလာခဲ့ပါ။

* တရားဝင်ရောက်၊ အပူပျောက်၊ မကြောက်ရအောင် စိတ်အေးရ၊

http://www.dhammadownload.com



တကယ်မကြောက်ရမယ့် အားရှိစေမယ့် မိတ်ဆွေစစ်က ကိုယ့်ရဲ့စိတ်ကောင်းလေးကြောင့် ပေါ်လာတဲ့ ကောင်းမှုစွမ်းအားပဲ။

* **တရားဝင်ရောက်၊ အပူပျောက်၊ မကြောက်ရအောင် စိတ်အေးရ။**

ဒါကြောင့် လောကထဲမှာ အများစု ထင်နေကြသလို၊ ပစ္စည်းရှိရင်ချမ်းသာမယ်၊ ပိုက်ဆံပေါ်ရင်ချမ်းသာမယ်လို့ ထင်ကြသော်လဲပဲ၊ စိတ်သန့်ရှင်းစင်ကြယ်မှု မရှိသူတွေ၊ ရှိပေမယ့် မချမ်းသာကြပါ။

အချမ်းသာဆုံးလို့ သမုတ်ခံရတဲ့ ပုဂ္ဂိုလ်သည်၊ အဆင်းရဲဆုံးအဆင့် အချိန်မရွေး ရောက်သွားနိုင်ပါတယ်။

ဒါကြောင့် စိတ်ကောင်းထုတ်လုပ်တဲ့ စက်ကြီးလို့ ခေါ်ဆိုရတဲ့ ဗုဒ္ဓသာသနာနဲ့တွေ့ကြုံနေတဲ့ ပုဂ္ဂိုလ်တွေ၊ မိတ်ဆွေကောင်းတွေ ရအောင်ယူနိုင်ကြတာပေါ့၊ ပုထုဇဉ်စိတ်ဆိုတာ ကိလေသာနဲ့နေရတာ၊ မကောင်းတာကများများ။

http://www.dhammadownload.com

# အခက်အခဲတွေ ဖြေရှင်းပေးမှာ

ဒါကြောင့် မနက် အိပ်ရာထလာပြီဆိုရင် ဘယ်အလုပ်တွေ ဘယ်လောက်အရေးကြီးကြီး၊ ဆင်ခြေမပေးပါနဲ့၊ စိတ်ကောင်းထုတ်လုပ်တဲ့ စက်ထဲ စိတ်ကို အရင်ထည့်ပြီး အကောင်းတွေဖော် ထုတ်ပေးပါ၊ တစ်နေ့လုံး အခက်အခဲတွေ အားလုံး သူဖြေရှင်းပေးမှာ။

မနက် အိပ်ရာထလာတာနဲ့ တစ်ပြိုင်နက် စိတ်အပူအအေး ခံတဲ့စက်ထဲ စိတ်ကို ရှေးဦးစွာ ထည့်ပေးပါ၊ ဒါကြောင့် ဘုရားရှိခိုးကြ တာတွေ၊ ဘုရားဂုဏ်တော် ပွားကြတာတွေ၊ မေတ္တာပွားကြ တာတွေ၊ ထွက်လေဝင်လေ စသည်ကို ရှုးစိုက်ပြီး

http://www.dhammadownload.com



သမာဓိ ဖော်ထုတ်ကြတာတွေ၊ ခန္ဓာဉာဏ်စိုက်ပြီး ဝိပဿနာအလုပ် အားထုတ်ကြတာတွေဟာ စိတ်ကောင်း ထုတ်လုပ်တဲ့စက်ထဲ၊ စိတ်ကို ထည့်ကြတာ၊ စိတ်သန့်စင်တဲ့ စက်ထဲ၊ စိတ်ကို ထည့်ကြတာ၊ စိတ်အပူအအေးခံတဲ့ စက်ထဲ စိတ်ကို ထည့်ကြတာ။

စက်တစ်လုံး ပိုင်ထားတော့ လူ့ဘဝရလဒ် သုံးခုလဲ ယူနိုင်တော့တာပေါ့၊ အဲသလိုဆိုရင် ဉာဏ်မျက်လုံး ကောင်းရတယ်၊ သတိပညာ ချိန်သီး ကောင်းတယ်၊ ချိန်သီးကောင်းတော့ သဒ္ဓါ ဝီရိယ လက်တံလဲ ကောင်းတယ်။

http://www.dhammadownload.com

# သတိပညာ ချိန်သီးမပါရင်

သတိ,ပညာချိန်သီး မပါတဲ့ ပုဂ္ဂိုလ်တွေကျ တော့ အားတွေကို ဘေးထုတ်ပစ်တယ်၊ ဘေးထုတ် ပစ်တော့၊ မောကုန်တာပေါ့၊စိတ်တွေ အားလျော့ ကုန်တာပေါ့၊ စိတ်တွေ အားငယ်ကုန်တာပေါ့။

သတိပညာ ချိန်သီးပါတဲ့ ပုဂ္ဂိုလ်တွေကျ တော့ စိတ်ကို စွမ်းအား ဖော်ထုတ်တဲ့အခါမှာ အားတွေကို ဘေးထုတ်မပစ်ဘူး၊ အားကိုထုတ်ယူ ထားလိုက်တယ်။

ထမင်းချက်တာ သူ့မှာတရားအလုပ်၊ ဈေး ရောင်းတာ တရားအလုပ်၊ ထမင်းစားတာ တရား အလုပ်၊ နိုင်ငံတာဝန်ထမ်းတာ တရား အလုပ်၊

http://www.dhammadownload.com



ဘယ်တော့မှ အားကိုဘေးထုတ် မပစ်ဘူး၊ သူ ကြိုးစားသမျှအားကို ထုတ်ယူတဲ့ ပုံစံနဲ့ကြိုး စားတယ်။

ဒီနေရာတော့ ဒါနရနိုင်တယ်၊ ဒါနတစ်ပါ တည်းယူထားမှ၊ ဟောဒီနေရာတော့ သီလရ နိုင်တယ်၊ ဝေယျာဝစ္စရနိုင်တယ်၊ သီလလေးတွေ ဝေယျာဝစ္စလေးတွေ ယူထားမှ၊ ဒီအချိန်လေးတော့ သမာဓိ ရအောင် ယူလို့ ဖြစ်တယ်၊ စိတ်သန့်စင်တဲ့ သမာဓိအလုပ်လုပ်ပြီး ယူထားလိုက်မှ၊ ဟောဒီနေ ရာတော့ ဝိပဿနာရနိုင်တယ်၊ ဝိပဿနာ ယူထား လိုက်မှ၊ ရလဒ်ကလေးတွေ မြင်ပြီးတော့မှ စွမ်းအားကို ယူတတ်တယ်။

http://www.dhammadownload.com

# သဒ္ဓါတရားက မိတ်ဆွေဖွဲ့ပေးတာ

စားဝတ်နေရေး၊ ခန္ဓာဝန် ထမ်းဆောင်ရေးနဲ့ တရားကို နှစ်ခြိမ်း မခွဲတော့ဘူး၊ တစ်သားတည်း ပေါင်းပြီးတော့ လိမ္မာပါးနပ်စွာ ယူတတ် ပါတယ်၊ အဲသလို ခန္ဓာကိုလဲ မိတ်ဆွေဖွဲ့၊ ပစ္စည်းကိုလဲ မိတ်ဆွေဖွဲ့၊ သဒ္ဓါတရားက မိတ်ဆွေဖွဲ့၊ ဖွဲ့ပေး ရတာ။

"ခန္ဓာရယ်, အိုတာ မင်းအလုပ်၊ အိုပါကွ ငါမတားပါဘူး၊ အခုမှ အိုတာ မဟုတ်ပဲ သံသရာတစ်လျှောက် အိုခဲ့လှပြီပဲ။

ခန္ဓာရယ်, အကြောင်းဖောက်ပြန်လို့နာ ပါကွာ၊ ငါမတားပါဘူး၊ ငါတတ်နိုင်သလောက် ကူပေးမှာပေါ့။

http://www.dhammadownload.com



"မင်းသေချင် အချိန်မရွေး သေပေါ့ကွာ၊ သေတာ အခုမှ သေတာမှ မဟုတ်ပဲ၊ သံသရာ တစ်လျှောက် ရေတွက်လို့ မရနိုင်အောင် သေခဲ့ပြီပဲ။

ဒါပေမယ့် ငါ့အတွက် ဒါန ပေးပါ၊ သီလ, သမာဓိ, ပညာ စွမ်းအားတွေ ရအောင်ယူပေးပါ"

ခန္ဓာကို မိတ်ဆွေဖွဲ့ပြီးတော့ ယူတတ်တဲ့ ပုဂ္ဂိုလ်၊ ခန္ဓာကျွေးရကျိုး နပ်ပါတယ်၊ မအားဘူးလို့ သူ့မှာ အကြောင်းပြစရာ မရှိတော့။

ပစ္စည်းလဲ ထို့အတူပဲပေါ့၊ ပစ္စည်းဟာ ကိုယ်က မိတ်ဆွေမဖွဲ့ရင် သူက အရင်ခြောက်တာပဲ၊ ဟော့- ငါက သူခိုးတွေ ခေါ်လိုက်ရမလား၊ ဓားပြတွေ ခေါ်လိုက်ရမလား၊ ငါက ပျောက်ပြ လိုက်ရမလားနဲ့။

"ပစ္စည်းတွေ ငါ့ကိုမခြောက်ပါနဲ့ကွာ၊ မင်းကို ငါဒါနဖြစ်အောင် သုံးပေးမယ်နော်၊ ငါ့အတွက် ကျွေးတော့လဲ သီလကျန်အောင် ကျွေးပေးမယ်၊ သမာဓိကျန်အောင် ကျွေးပေးမယ်၊ ဝိပဿနာကျန်အောင် ကျွေးပေးမယ်လို့ သဒ္ဓါတရားနဲ့ မိတ်ဆွေဖွဲ့လိုက်တော့ ပစ္စည်းတွေက အကုန်စာရင်း မပြကြတော့ဘူး၊ အရစာရင်းချည်းပြ တတ်တယ်။

http://www.dhammadownload.com



မိတ်ဆွေဖွဲ့တတ်တဲ့ ပုဂ္ဂိုလ်တွေမှာ အရစာရင်းပဲ ပြနိုင်ကြတယ်၊ ဒီနေ့ ထမင်းချက်တာ ဒါနတွေရတယ်၊ သီလ, သမာဓိ, ဝိပဿနာ ဘယ်လောက် ကျန်တယ်နဲ့ ပြလို့ ဖြစ်တယ်။

# နိဗ္ဗာန်ရောက်ကြောင်းပုံစံနဲ့

ဘုရားလက်ထက်က ထေရိကာအိမ်ရှင်မ တို့ ဒီပုံစံအတိုင်း သွားတာပေါ့၊ မိသားစုတာဝန် ထမ်းရတာ သူက နိဗ္ဗာန်ရောက်ကြောင်း ပုံစံနဲ့ ထမ်းတတ်တယ်၊ ဉာဏ်မျက်လုံး ကောင်းတာကိုး။

ဉာဏ်မျက်လုံးကောင်းတော့ ကိုယ့် အလုပ်ကိုယ် လုပ်တတ် တာပေါ့၊ ကိုယ့်လမ်းကိုယ် သွားတတ်တာပေါ့၊ ကိုယ့်နေရာကိုယ် နေတတ် တာပေါ့။

ဆောကြည့်ရင် သူလို ကိုယ်လိုပဲ၊ အိမ်ထဲ နေတာပဲ၊ ဘာထူးသေးလဲလို့ မြင်ရသော်လဲ၊

http://www.dhammadownload.com



သူ့အရှုတ္တတရားက သူများနဲ့ တူမှ မတူတော့၊ ရလဒ်ကလဲ သူများနဲ့ ဘယ်တူမှာတုန်း။

မိသားစုအချင်းချင်း ကျွေးရတာကို အလှူပွဲကြီးလို့ သူက သတ်မှတ်ပြီး ပျော်စရာကြီး ဖန်တီးတတ်တယ်၊ မိသားစုတာဝန် ကိစ္စတွေကို ဝေယျာဝစ္စကုသိုလ်တွေလို့ ပျော်ရွှင်ချမ်းမြေ့စွာ ဖန်တီး တတ်တယ်၊ ချက်ရင်းပြုတ်ရင်းနဲ့ ခဏိက သမာဓိလေးတွေ ရအောင်ယူတတ်တယ်၊ မေတ္တာ ပွားပြီးတော့လဲ သမာဓိ ထူထောင် တတ်တယ်။

ချက်ပြုတ် စားသောက်ရင်းနဲ့ သိတတ်တဲ့ စိတ်ကလေးနဲ့ သိစရာအာရုံလေးတွေ တဖြုတ်ဖြုတ်ပြောင်းပြီးတော့ သွားကြပုံလေးတွေ၊ ဉာဏ် သတိစိုက်လိုက်တော့ ဝိပဿနာလေးတွေပါ ယူ တတ်လာတယ်။

မီးဖိုချောင်ထဲ ဟင်းချက်ရင်းနဲ့ ဆူပွက် နေတဲ့ ဟင်းအိုးထဲ ဟင်းသီးဟင်းရွက် လတ်လတ် ဆတ်ဆတ်လေးတွေ ထည့်လိုက်တော့ ညှိုးကျက် သွားကြပုံတွေကြည့်ပြီး "လောကမှာဘာမှ မခိုင် မြဲဘူးနော် အခုတစ်မျိုး အခုတစ်မျိုး ပြောင်းနေ ကြတာပဲ၊ ငါရဲ့ ဉာဏ်ရုပ်နာမ်ခန္ဓာတွေလဲ ထို့အတူ

http://www.dhammadownload.com



ပါပဲ၊ ဘယ်လောက်ပဲကျွေးကျွေး၊ ဘယ်လောက်ပဲ ပြုပြင်,ပြုပြင်၊ ကိုယ့်တာဝန် ရှိသလောက် ပြုပြင်နေကြသော်လဲပဲ၊ သူ့တာဝန်ရှိသလောက် သူလုပ်နေကြတာပါလား၊ တဖြုတ်ဖြုတ် ပြောင်းလဲပြီး သင်္ခါရမီးတွေ တဟုန်းဟုန်း၊ ဇရာမီးတွေ တဟုန်းဟုန်း တောက်လောင်သမျှ ခံနေရတဲ့ ခန္ဓာကြီးပါလား၊ ခန္ဓာကြီးလဲ ဘယ်မှာမြဲလို့လဲ"

ဉာဏ်သတိ စိုက်ပွားများလိုက်တာ၊ ဟင်းချက်တာ အကြောင်းပြုပြီးတော့ မခိုင်မြဲမှုကို ဉာဏ်နဲ့ကြည့်ပြီး ခန္ဓာဉာဏ်စိုက်ပွားတာ မီးဖိုချောင်ထဲ ဝိပဿနာဉာဏ်ရင့်ပြီးတော့၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တောင် ဖြစ်ခဲ့ရတယ်။

ဒါဟာ စိတ်ကောင်းထားက မိတ်ကောင်းရပါ၊ ထမင်းချက်တဲ့ပုဂ္ဂိုလ် ဘယ်သူဟာ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေ အားထုတ်နေပါလား၊ မသိတဲ့ ပုဂ္ဂိုလ်ကတော့ ဘာဆိုင်လို့လဲ ထင်မှာပေါ့၊ ထမင်းချက်တာနဲ့ နိဗ္ဗာန်ရောက်ကြောင်း ဘာဆိုင်လို့လဲ ရှိမှာပေါ့။

ဈေးရောင်းနေတဲ့ ပုဂ္ဂိုလ် ဒေါ်ဘယ်သူဟာ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း အားထုတ်

http://www.dhammadownload.com



နေပါလားပြောရင်၊ ဆောကပြောင်လျှောင် သလိုလို ထင်လိမ့်မယ်ပေါ့၊

တရားမျက်လုံး ကောင်းတဲ့ ပုဂ္ဂိုလ်ကတော့ "ဟုတ်တယ်၊ ဈေးရောင်းတာလဲ ဒါန, သီလ, ဘာဝနာ စိတ်ကောင်းတောင်းတာ၊ စိတ်ကောင်း ထားက မိတ်ကောင်းရ၊

ထေရီကာ အိမ်ရှင်မ ကြည့်ပါလား၊ ခန္ဓာကို မိတ်ဆွေဖွဲ့ တတ်တယ်၊ ပစ္စည်းတွေ မိတ်ဆွေဖွဲ့ တတ်တယ်၊ မိသားစုတာဝန်ကို နိဗ္ဗာန်ရောက် ကြောင်း ပုံစံနဲ့ထမ်းတတ်တယ်၊ ဒါကြောင့်လဲ သူတရား ရသွားတာပေါ့။

http://www.dhammadownload.com

# ကိုယ်ပိုင်တရား ကျန်အောင်

ဒါကြောင့် အားတွေကို ဘေးထုတ်မပစ်ရဘူး၊ အားတွေကို ထုတ်ယူထားရမယ်၊ အားတွေကို ထုတ်ယူထားတဲ့ ပုဂ္ဂိုလ်မှသာ၊ ကိုယ်ပိုင်တရားကျန်မယ်၊

အဲသလိုဆိုရင် ဒါနမိတ်ဆွေ၊ သီလမိတ်ဆွေ၊ သမာဓိမိတ်ဆွေ၊ ဝိပဿနာ မိတ်ဆွေဆိုတဲ့မိတ်ဆွေကောင်းလေးယောက် တန်းစီပေါ်လာတယ်။

နေ့တိုင်း သာသနာအရှိန်အဝါကြောင့်၊ မိမိနေအိမ်ထဲမှာ လုပ်သမျှ အလုပ်တွေဟာ တရားထုပ်ချည်း ဖြစ်သွားတယ်၊ မအားတဲ့ အလုပ်မှန်သမျှ

http://www.dhammadownload.com



တရားအလုပ်၊ လက်ထဲကိုင်ထားတာ မှန်သမျှ ကုသိုလ်ထုပ်လို့ သာသနာနဲ့ တွေ့တဲ့လူက ပြုံးပြုံးကြီး ပြောရဲတာပေါ့။

သာသနာနဲ့မတွေ့တဲ့ ပုဂ္ဂိုလ်ကျတော့ မအားသေးလို့ ကုသိုလ် မလုပ်အားသေးဘူး၊ မနက်ဖြန်မှ၊ သန်ဘက်ခါမှ၊ ဒီနေ့ အလုပ်တွေက များလို့၊ ဘယ်ကုသိုလ်မှ မလုပ်အားသေးဘူး၊ သူ့လက်ထဲ ကုသိုလ်ထုပ် ကိုင်ထားတာ သူသိမှ မသိပဲနဲ့၊ သာသနာမျက်လုံးမပါတဲ့ပုဂ္ဂိုလ် ဘယ်လောက် နစ်နာဆုံးရှုံးနေတယ် ဆိုတာ ပြောတာပါ။

သာသနာမျက်လုံး မပါတဲ့ ပုဂ္ဂိုလ်တွေရဲ့ လက်ထဲ၊ ဒါနထုပ်ကြီး ကိုင်ထားတာ ဒါနထုပ်မှန်းလဲ မသိဘူး၊ လက်ထဲမှာ သီလ, သမာဓိ, ဝိပဿနာထုပ်ကြီး ကိုင်ထားပါရဲ့သားနဲ့ တရားထုပ်မှန်းလဲ မသိဘူး၊ မအားဘူးလို့ အော်နေတယ်၊ ညည်းတွားနေတယ်။

ကုသိုလ် မလုပ်အားသေးဘူးတဲ့ ဘယ်တော့မှ၊ အားခါမှ၊ ဒီလိုလျှောက်ပြီး ဟိုရွှေ့ ဒီရွှေ့ လုပ်နေတာ။

http://www.dhammadownload.com

## ဘာဝနာ အာရုံအဖြစ် ပြောင်းပေးလိုက်ရတယ်

သာသနာမျက်လုံးကောင်းတဲ့ ပုဂ္ဂိုလ်ကျတော့၊ ပစ္စုပ္ပန် သိပ်လေးစားတယ်၊ သိပ်တန်ဖိုးထားတယ်၊ လက်ထဲမှာ ကိုင်ထားတာ ကုသိုလ်ထုပ်၊ မအားတဲ့ အလုပ်မှသမျှ တရားအလုပ်၊ ကိလေသာလေး တွေ ဖြစ်တာတောင်မှ သတိပညာလက်ဦးတဲ့ ပုဂ္ဂိုလ်က မိတ်ဆွေဖွဲ့ တတ်တယ်။

လောဘ, ဒေါသ, မောဟ ဆိုတဲ့ ကိလေသာတွေ ကြော်- ဟောဒါလောဘပဲကွ၊ မိတ်ဆွေဖွဲ့လိုက်တော့ လောဘကို ဘာဝနာအာရုံအဖြစ် ပြောင်းပေးလိုက်ရတယ်။

http://www.dhammadownload.com



တစ်သံသရာလုံး ချုပ်ကိုင်ထားတဲ့ ကြိုးကိုင်ထားတဲ့ သမုဒယသစ္စာ၊ နာမည်ကြီးလှတဲ့ တဏှာလို့ခေါ်ဆိုရတဲ့ လောဘတောင်မှ၊ ဉာဏ်သတိစိုက်ကြည့်လိုက်တော့ မခိုင်မြဲပဲကိုးလို့၊ ကိုယ့်ဘက်က နိုင်သွားတာကို၊ ဂုဏ်ယူစရာအဖြစ် မြင်လိုက်ရတယ်။

ဟယ်-ဒေါသပါလား၊ ဉာဏ်သတိက သိသွားတယ်၊ သိသွားတော့ သူက ဘာဝနာအာရုံအဖြစ် ပြောင်းပေးလိုက်ရတယ်။

- **ရှေ့စိတ်ဖြစ်ဘိ၊ နောက်စိတ်သိ၊ သိတိုင်း အပ္ပစင်၊**
- **အာရုံနှင့်ထိ၊ ထိတိုင်းသိ၊ သိတိုင်းအပ္ပစင်၊**

သိလိုက်တာနဲ့ အပ္ပစင်သွားတာပဲ၊ ဘာဝနာအာရုံအဖြစ် ပြောင်းပေးရတယ်၊ ဒီတော့ ကိလေသာတောင် မိတ်ဆွေဖွဲ့တတ်တဲ့ အဆင့်ရောက်မှတော့ ခန္ဓာကြီးလဲ မိတ်ဆွေဖွဲ့တတ်ရောပေါ့၊ စားဝတ်နေရေးလဲ မိတ်ဆွေဖွဲ့တတ်ရောပေါ့၊ ဒါကြောင့် စိတ်ကောင်းထားက မိတ်ကောင်းရ။

http://www.dhammadownload.com

## မိတ်ဆွေ ကိစ္စ (၃)ချက်

မိတ်ဆွေသည် မိတ်ဆွေကိစ္စ (၃)ချက် ဆောင်ရွက်တယ်။

(၁) မိဘအရင်းတောင်မှ မပေးနိုင်တာ သူအကုန်ပေးတယ်၊ ပိုက်ဆံပေးဝယ်လို့ မရတာ သူအကုန်ပေးတယ်။

(၂) မိဘအရင်းတောင်မှ မဖြေရှင်းနိုင်တဲ့ အခက်အခဲကို သူက အကုန်လုံး ဖြေရှင်းပေးတယ်၊ ပိုက်ဆံပေးဖြေရှင်းလို့ မရနိုင်တဲ့ အခက်အခဲ အကြပ်အတည်းမျိုးစုံ သူအကုန်ဖြေရှင်းပေးတယ်။

http://www.dhammadownload.com



အမိန့်မျိုးစုံနဲ့ တားမရနိုင်တဲ့၊ အန္တရာယ် မျိုးစုံ သူ့အကုန်တားနိုင်တယ်၊ ကိုယ့်ရဲ့ ကုသိုလ် အရှိန်အဝါ အာဏာဘယ်လောက် ပြင်းထန်တယ် ဆိုတာလဲပဲ၊ အားရစရာ မြင်တတ်ဖို့ပါ၊ အကုသိုလ် ကိုတားနိုင်တာ၊ ကုသိုလ်တစ်ခုပဲရှိတယ်၊ မကောင်း ကျိုးများတာကို လျှော့ပေးနိုင်တာ ကုသိုလ်ပဲ ရှိတယ်၊ နည်းနည်းပါးပါးဆိုရင် လုံးဝ ပျောက် ဖျက်ပစ်နိုင်တာ ကုသိုလ်ပဲရှိတယ်။

ဒါကြောင့် အမိန့်အာဏာနဲ့ တားဆီး နိုင်စွမ်းမရှိတဲ့ အန္တရာယ် ဒုက္ခမျိုးစုံတွေကို ဟောဒီ ကုသိုလ်မိတ်ဆွေက သစ္စာရှိရှိ တားဆီး ပိတ်ပင် ပေးနိုင်တယ်။

(၃) ကုသိုလ်ပိုင်ရှင်ဖြစ်တဲ့ပုဂ္ဂိုလ်ကို သဘောထားကြီးပြီး ရင့်ကျက် မြင့်တက်သွားစေ တယ်၊ နာမည်ကောင်းရအောင် လုပ်ပေး တယ်၊ ဒါကြောင့် ကုသိုလ်ဟာ သိပ်အားကိုးရတယ်။

အဲသလို နားလည်ပြီးတော့ ယခု သာသနာ ချီးမြှောက်ရင်းနဲ့ ကောင်းမှုစွမ်းအားတွေ ယူနေ ကြတာ၊ သာသနာမျက်လုံးဟာ လောကမှာ အကြီး မားဆုံး မျက်လုံးကြီး။

http://www.dhammadownload.com



အဲဒီမျက်လုံးကြီး မကွယ်အောင်လို့ ယခု ဝိနယတံခွန် ပရိယတ္တိပူဇာ နဂ္ဂဟာအသင်း ပရိသတ်အပေါင်း သူတော်ကောင်းတွေရော မြို့သူ မြို့သားတွေရော၊ နယ်သူနယ်သားတွေရော၊ နိုင်ငံသူ နိုင်ငံသားတွေရော၊ သဒ္ဓါ, ပညာ, မေတ္တာနဲ့ ဝိုင်းဝန်းပြီး ချီးမြှောက်နေကြတာ အင်မတန် ကြည်နူးစရာ၊ သာသနာအတွက်လဲ အားရစရာ အလွန် ကောင်းတယ်။

ကုသိုလ်ရတဲ့ အလုပ်ပဲလို့ သာမန်ကြည့်တဲ့ ပုဂ္ဂိုလ်၊ ဒီလောက်နဲ့ ရပ်ချင်လဲရပ်မယ်ပေါ့၊ ဉာဏ်မျက်လုံးကြီးမားတဲ့ ပုဂ္ဂိုလ်ဟာ ကုသိုလ်ရရုံလေး မကြည့်ပါဘူး၊ တစ်သာသနာလုံးအတွက်ကြည့်တာ၊ ကြီးမားတဲ့အမြော်အမြင်နဲ့ကြည့်ပြီး ဆောင်ရွက်ကြတာ။

* **ပေးနိုင်ခဲတာ၊ ပေးမှသာ၊ မှန်စွာ မိတ်ဆွေစစ်။**
* **ခက်တဲ့ကိစ္စ၊ လုပ်ပေးမှ၊ မုချမိတ်ဆွေစစ်၊**
* **သည်းခံဖို့ရန်၊ ခက်ခဲပြန်၊ သည်းခံနိုင်မှ မိတ်ဆွေစစ်၊**

http://www.dhammadownload.com



* ကိုယ်တိုင်ပြုဖြား၊ ကောင်းမှုများ၊ စွမ်းအားပြည့်တဲ့ မိတ်ဆွေစစ်၊
* ကိုယ်ကချစ်မှ၊ သူကတစ်ဖန်၊ ကိုယ့်ကိုပြန်၊ အမှန်ကောင်းစွာ ချစ်၊

ဒါကြောင့် တံ၊ ထိုကောင်းမှုစွမ်းအား မြတ်တရားသည်၊ သမ္ပရာယိယံ၊ တမလွန်ဘဝ နိဗ္ဗာန်ကျအောင်၊ သယ်ဆောင်၍သွားနိုင်သော၊ မိတ္တံ၊ ဘယ်သောအခါမှ သစ္စာမဖောက်သည့် မိတ်ကောင်း ဆွေကောင်း ဆွေမျိုးကောင်းသည်၊ ဟောတိ၊ စိတ်ကောင်းထားက မိတ်ကောင်းရ၍ မုချမသွေ ဖြစ်ရပါပေသတည်း။

ဤသို့လျှင် စိတ်ကောင်းထားက မိတ်ကောင်းရ တရားကြားနာကြရတဲ့ ဓမ္မသဝနမင်္ဂလာနဲ့၊ ကောင်းမှုစွမ်းအား မြတ်တရားတွေကြောင့်၊ ဘေးရန်အပူခပ်သိမ်း လွတ်ငြိမ်းကြ၍၊ ကောင်းကျိုးချမ်းသာ မြတ်ကြီးများ တိုးတက်ကြီးပွား ပြည့်စုံကြပြီးလျှင်၊ သူတော်ကောင်းတရား တိုးပွားအောင် ကြိုးစားအားထုတ်နိုင်လွယ်ကြလျက်၊ တစ်ဘဝလုံး တရားစွမ်းအားဖြင့် တည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာ နေနိုင်ကြပြီးလျှင် ဆင်းရဲ

http://www.dhammadownload.com



ခပ်သိမ်း လွတ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်လျှင်မြန်သောအသိဉာဏ်ဖြင့်အရဟတ္တဖိုလ်ပေါက်၊ မျက်မှောက်ပြုလွယ် ရလွယ်နိုင်ကြပါစေကုန်သတည်း။

*ပရိသတ်အားလုံး*
*ကိုယ်စိတ်နှစ်ဖြာ*
*ကျန်းမာချမ်းသာကြပါစေ။*

http://www.dhammadownload.com

★ ဘုရားဂုဏ်တော်, တရားဂုဏ်တော်
★ သံဃာဂုဏ်တော်နှင့်ပတ်သက်သော
★ မေတ္တာတရား၊ ကုသိုလ်, အကုသိုလ်
★ ဒါန, သီလ, သမာဓိ, ပညာ, ဝိပဿနာ
★ ကံ, ကံ၏အကျိုးပေးနှင့်ပတ်သက်သော

(ယော)ဆရာတော်၏ သြဝါဒများကို
လိုရင်း, တိုရှင်း
ဖတ်ရှုမှတ်သား လိုက်နာနိုင်ကြစေရန်

# သြဝါဒပဒေသာ

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

ရွှေစန္ဒာထွန်းစာပေမှ စီစဉ်နေပါပြီ။
စာမူခွင့်ပြုအမှတ် ၄၆၈/၂၀၀၀ (၇)

http://www.dhammadownload.com

ရေတွက်၍ မဆုံးနိုင်အောင် များပြားလှသော လူ့ကိစ္စမျိုးစုံသည် အသီးတစ်ရာနှင့်တူ၏။

ထိုအသီးတစ်ရာကို ထိန်းချုပ်ထားသော အညှာတစ်ခုသည်ကား "အပ္ပမာဒ" သတိသာလျှင် ဖြစ်ပေသည်။

# အသီးတစ်ရာအညှာတစ်ခု

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

စာမူခွင့်ပြုချက်အမှတ် - ၅၄၆/၂၀၀၀ (၁)
ရွှေစန္ဒာထွန်းစာပေ မှ ဖြန့်ချိပါမည်

http://www.dhammadownload.com

- တရားသာလျှင် လူ့လောက၏ အအေး မြဲဆုံးအရိပ်ဖြစ်ကြောင်း။
- တရားရိပ်သို့ ခိုဝင်မိသောကြောင့် လူချမ်းသာ၊ နတ်ချမ်းသာဖြစ်ကြရသည့် ပုဂ္ဂိုလ်များအကြောင်း၊ အကိုးအကား အထောက်အထား ခိုင်လုံတိကျစွာ ဟောကြားထားသည်။

# တရားပြည့်ဝ အရိပ်ရ

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

စာမူခွင့်ပြုချက်အမှတ် - ၆၉၁/၂၀၀၀ (၁၀)
ရွှေစန္ဒာထွန်းစာပေ မှ ဖြန့်ချိရန်
စီစဉ်နေပါသည်။

http://www.dhammadownload.com

# ရွှေစည်သွာကွန်းစာပေတိုက်တွင်ရရှိနိုင်သော (ယော)ဆရာတော်၏ တရားဒေသနာများ

(၁) မေတ္တာနှလုံးအလှဆုံး
(၂) အဆင်းအတက်လမ်းနှစ်ဖက်
(၃) အသိမှန်ကန်အဖိုးတန်
(၄) ကုသိုလ်လည်းရ ဝမ်းလည်းဝ
(၅) ဆင်းရဲ၏နောက် ချမ်းသာရောက်
(၆) စိတ်အေးစရာသာသနာ
(၇) အိမ်တွင်းမင်္ဂလာ လူ့ကျင့်စဉ်
(၈) သမုဒ္ဒရာဝမ်းတစ်ထွာ
(၉) မေတ္တာတရားလူ့စွမ်းအား
(၁၀) စိတ်စွမ်းရည်
(၁၁) ဘဝဇာတ်ခုံပုံစံခုံ
(၁၂) ပညာလမ်းပြလူ့အလှ
(၁၃) အပေါင်းလက္ခဏာ
(၁၄) ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်း

http://www.dhammadownload.com

# ရွှေစန္ဒာထွန်းစာပေတိုက်မှ ဆက်လက်ထုတ်ဝေမည့် (ယော–ဆရာတော်)၏

## တရားဒေသနာများ

(၁) ဩဝါဒပဒေသာ
(၂) အသီးတစ်ရာ အညှာတစ်ခု
(၃) တရားပြည့်ဝ အရိပ်ရ
(၄) အဆိုးကိုရှောင် အကျိုးဆောင်
(၅) ဘဝတစ်ခေါက် ခဏရောက်
(၆) အချိန်တန်ဖိုး လူ့တန်ခိုး
(၇) ယဉ်ကျေးလိမ္မာ လူ့ချမ်းသာ
(၈) တရားတန်ခိုး စွမ်းအားတိုး
(၉) ထိုက်တန်သူမှ ကောင်းတာရ


မှာကြားနိုင်ပါသည်

**ရွှေစန္ဒာထွန်းစာပေ**

အမှတ်–၉၆(မြေညီ)၊ ၃၈လမ်း
ရန်ကုန်မြို့။
☏ ၀၁–၂၄၃၈၇၀